www.burmeseclassic.com



ဒေါက်တာစင်သီယာမောင်

သို့မဟုတ်

# အရိပ်ကောင်းသောသစ်တပင်

စိုးနေလင်း

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်ခြင်း**

အုပ်ရေ (၅၀၀)

ဇန်နဝါရီ ၊ ၂၀၀၇ ခုနှစ်

**စီစဉ်ထုတ်ဝေသူ**

ခေတ်ပြိုင်စာပေတိုက်

Khitpyaing Publishing House

P.O. Box 115, Raminthra P.O.

Bangkhen, Bangkok

Thailand 10220

kp2004@ksc.th.com

**ကွန်ပျူတာစာစီ**

ခေတ်ပြိုင်

**မျက်နှာဖုံးအပြင်အဆင်**

ကိုမျိုး

www.burmeseclassic.com

# နိဒါန်း

## (က)

‘သစ်တပင်ကောင်း ငှက်တသောင်းနား’ ဆိုသော ဆိုရိုးစကားကို မြန်မာနိုင်ငံ ပြည်သူများ မကြာခဏ ပြောဆိုသုံးနှုန်းလေ့ရှိကြပါသည်။ အလွန်အားကောင်းလှသော ဥပမာစကား တခုလည်း ဖြစ်ပါသည်။ အမှန်တကယ်ပင် သစ်တပင်ကောင်းလျှင် ငှက်သသောင်းမက ခိုနားနိုင်လောက်သော အရိပ်အာဝါသ အသိုက်အမြုံတို့ကို ပေးအပ်နိုင်စွမ်းရှိပါသည်။ ထိုသို့သော အရိပ်အာဝါသကောင်းလှသည့် သစ်ပင်ကြီးများ လူ့သမိုင်းတွင် အထင်အရှား ရှိခဲ့ဖူးပါသည်။ ဖလောရင့်စ် နိုက်တင်ဂေးလ် (Florance Nightingale)၊ ဒေါက်တာနော်မန်ဗက်သွန်းနှင့် မာသာထရီဇာတို့မှာ ကမ္ဘာကျော်အောင် လူသားအကျိုး သယ်ပိုးဆောင်ရွက်နိုင်ခဲ့ကြသော အရိပ်ကောင်းသော သစ်ပင်ကြီးများပင်ဖြစ်ပါသည်။ သူတို့ကဲ့သို့ အရိပ်ကောင်းသော အခြားသစ်ပင် များလည်းရှိခဲ့ပါသည်။

## (ခ)

ဒေါက်တာစင်သီယာမောင်သည်လည်း အရိပ်ကောင်းသော သစ်ပင်တပင်ဖြစ်ပါသည်။

www.burmeseclassic.com

(ဂ)

ပြင်းထန်အားကောင်းသော လေမုန်တိုင်းကြီးများပင်လျှင် အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများကို လဲပြိုကျသွားအောင် တိုက်ခတ်ရန် ခက်ခဲလှပါသည်။

(ဃ)

သို့ရာတွင် အလွန့်အလွန် အားကောင်းသော ဖျက်ဆီးနိုင်စွမ်းကြီးမားသော လေပြင်းမုန်တိုင်းများမှာမူ ထိုသို့သော အရိပ်အာဝါသကောင်းသည့် သစ်ပင်ကြီးများကိုပင် အပိုင်းပိုင်း ကျိုးပြတ်အောင် မြစ်လန်ပြိုလဲသွားအောင် တိုက်ခတ်ပစ်နိုင်စွမ်း ရှိတတ်ကြပါသည်။ သစ်ကိုင်းကြီးငယ်များ တဖြောင်းဖြောင်း ကျိုးပြတ်ပြီး နောက်ဆုံး အမြစ်ကျွတ်ထွက်ပြိုလဲသွားသည်အထိ စွမ်းအားပြင်းထန်တတ်ကြပါသည်။
သို့ရာတွင်...

(င)

ဒေါက်တာစင်သီယာမောင်ဟု အမည်တွင်သော ထိုအရိပ်အာဝါသကောင်းသည့် သစ်တပင်မှာ တောင်တန်းကြီးများ၊ တောအုပ်ကြီးများနှင့် ဘုရားသခင်၏ မေတ္တာတရား အကာအကွယ်ပေးမှုအောက်တွင် ထီးထီးမားမား ရပ်တည်နေဆဲဖြစ်ပါသည်။ မည်သို့သော အကြောင်းကြောင့် လာရောက်နားခိုကြသည်ဖြစ်စေ နားခိုလာသော ငှက်အပေါင်းအား နားခိုစရာအရိပ်အာဝါသနှင့် အစားအစာပေးအပ်နေဆဲပင်ဖြစ်ပါသည်။

www.burmeseclassic.com

(၈)

အရိပ်အာဝါသကောင်းသော ငှက်အထောင်အသောင်းနားခိုနိုင်သော သစ်ပင်ကြီးများ ဤကမ္ဘာမြေပေါ်တွင် ကာလအခွန့်ရှည်တည်နေနိုင်ပါစေသတည်း...

**စိုးနေလင်း**

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာစင်သီယာမောင်

သို့မဟုတ်

# t&yaumi;aomopwyi

စိုးနေလင်း

www.burmeseclassic.com

## မထူးခြားသော ထူးခြားသည့် ကလေး၏ ဘဝအစ

သူမကို အဖ မန်းငြိမ်းမောင် အမိ နမ့်လှကြည်တို့က ၁၉၅၉ ခု နှစ် ဒီဇင်ဘာ (၆) ရက်နေ့မှာ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အင်းစိန် ဆေးရုံမှာ မွေးဖွားခဲ့ပါတယ်။

## မိဘတို့အကြောင်း

သူမရဲ့ မိဘတွေဖြစ်တဲ့ မန်းငြိမ်းမောင်နဲ့ နမ့်လှကြည်တို့ နှစ်ယောက်စလုံးဟာ ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျုံပျော်မြို့ နယ်ဇာတိဖြစ်ပါတယ်။ မန်းငြိမ်းမောင်ဟာ အိမ်ထောင်မကျခင် အချိန်က ဧရာဝတီတိုင်းအတွင်းမှာ ကရင်အမျိုးသား အစည်း အရုံး (KNU) ဦးဆောင်မှုနဲ့ အစိုးရကို ဆန့်ကျင်တော်လှန်နေတဲ့ (KNDO) အဖွဲ့ရဲ့ လှုပ်ရှားတိုက်ခိုက်မှုတွေမှာပါဝင်ပြီး ကရင်အမျိုး သားလွတ်မြောက်ရေးတာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။

ဒါပေမယ့် နမ့်လှကြည်နဲ့ အိမ်ထောင်ပြုပြီးတဲ့အချိန်မှာတော့ အစိုးရက ဖွင့်လှစ်ထားတဲ့ လက်ထောက်ကျန်းမာရေးမှူးသင်တန်း ကို တက်ရောက်ခဲ့ပါတယ်။ မန်းငြိမ်းမောင် သင်တန်းတက်နေတဲ့ အချိန်မှာ နန်းလှကြည်က စင်သီယာမောင်ကလေးကို မွေးဖွား ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် တကယ်တော့ မန်းငြိမ်းမောင်ဟာ လယ်ကေအအ

www.burmeseclassic.com



ဒေါက်တာစင်သီယာမောင်၏မိဘနှစ်ပါး။ မန်းငြိမ်းမောင်၊ နမ့်လှကြည်

www.burmeseclassic.com

တော်များများကို ပိုင်ဆိုင်ခဲ့တဲ့ တောသူတောင်သား လယ်သမား မိဘတွေက မွေးဖွားခဲ့ပြီး ကျယ်ပြောတဲ့ မြေယာစိုက်ခင်းပျိုးခင်း တွေကြားမှာ ကြီးပြင်းလာခဲ့သူဖြစ်တဲ့အတွက် စိုက်ပျိုးရေးဘက် မှာ အားသန်ခဲ့ပါတယ်။ အလုပ်ကိုလည်း တစိုက်မတ်မတ်လုပ် ကိုင်နေတတ်ပြီး စကားနည်းသူ တယောက်လည်းဖြစ်ပါတယ်။ နမ့်လှကြည်ဟာလည်း သူမရဲ့ ခင်ပွန်းသည်လိုပဲ တောသူ တောင်သား လယ်သမားမိဘတွေက မွေးဖွားလာခဲ့တာပါပဲ။ သူမကတော့ စိုက်ပျိုးရေးထက် မွေးမြူရေးကို ပိုပြီးထက်သန် စိတ်ဝင်စားခဲ့ပါတယ်။ သူမရဲ့မိခင်ဖြစ်သူဟာ သူမကိုမွေးဖွား အပြီးမှာပဲ သွေးသွန်ကွယ်လွန်သွားခဲ့တဲ့အတွက် မိခင်မေတ္တာ ရိပ်နဲ့ကင်းဝေးကြီးပြင်းလာခဲ့ရရှာပါတယ်။ အဲဒီအချိန်မှာ ပြည် တွင်းစစ်ကြောင့် တိုက်ပွဲတွေကလည်း အပြင်းအထန်ဖြစ်နေ၊ ဖခင်ဖြစ်သူကလည်း အနားမှာမရှိ ဖြစ်ခဲ့ရတော့ နမ့်လှကြည်ရဲ့ ဘဝဟာ အထီးတည်း သီးသီးသန့်သန့် နေထိုင်ကြီးပြင်းခဲ့ရ သလို တခုခုများဖြစ်လေမလားဆိုတဲ့ ပူပန်မှုမျိုးလည်း စိတ်ထဲ မှာ ရှိနေတတ်ပါတယ်။ အဲဒီစိတ်ခံစားမှုဟာ သူမ မိခင် တယောက်ဖြစ်လာတဲ့အချိန်အထိ အစဉ်တစိုက်ရှိနေခဲ့ပါတယ်။ နောက် ၁၉၆၂ ခုနှစ် နောက်ပိုင်းကစပြီး စစ်အာဏာရှင်အဆက် ဆက်အောက်မှာ နေထိုင်ခဲ့ရလို့ အဲဒီပူပင်ကြောင့်ကျမှုမျိုးကို ခံစားနေခဲ့ရတာပါပဲ။ တခါ သားငယ်ဖြစ်တဲ့ ကျော်မြတ်ငြိမ်းက တက္ကသိုလ်စာပေးစာယူသင်တန်းတက်နေရင်း သူတို့ သူငယ် ချင်းတစု ကဗျာစာအုပ်လေးတအုပ် ထုတ်ဝေလိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဖမ်းဆီးထောင်ဒဏ်အပြစ်ပေးခံခဲ့ရပြီးချိန်မှာတော့ နမ့်လှကြည်တယောက်မှာ အချိန်ရောက်ပြီဆိုတာနဲ့ ဆိုင်ကယ် သံ ကားသံကြားတိုင်း ထိတ်လန့်စိုးရိမ်နေတတ်ပါတော့တယ်။

www.burmeseclassic.com

အဲဒီတခုခုများဖြစ်လာလေမလားဆိုတဲ့ စိုးရိမ်ထိတ်လန့်စိတ်ဟာ သူမကို ၁၉၈၇ ခုနှစ် ကွယ်လွန်ချိန်အထိ ဖိစီးနှိပ်စက်သွားခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။

## ညီအစ်ကိုမောင်နှမ

ဒေါက်တာစင်သီယာမောင်တို့မှာ ညီအစ်ကိုမောင်နှမ (၇) ယောက်ရှိပါတယ်။ အကြီးလေးယောက်က မိန်းကလေးတွေဖြစ်ကြပြီး အငယ်သုံးယောက်က ယောကျ်ားလေးတွေဖြစ်ကြပါတယ်။ ဒေါက်တာစင်သီယာမောင်ကတော့ မန်းငြိမ်းမောင်နဲ့ နမ့်လှကြည်တို့ရဲ့ တတိယသမီးဖြစ်ပါတယ်။ အမှန်တကယ်ကတော့ မန်းငြိမ်းမောင်နဲ့ နမ့်လှကြည်တို့မှာ သားသမီးရှစ်ယောက် မွေးဖွားခဲ့တာပါ။ ဒါပေမယ့် သူတို့ရဲ့သားဦးယောကျ်ားလေးဟာ မွေးပြီးစမှာပဲ ချက်ကြိုးဖြတ်တဲ့ ဝါးနီးစက မသန့်စင်



ဒေါက်တာစင်သီယာမောင်နှင့် မိသားစုဝင်များ။

www.burmeseclassic.com

တဲ့အတွက် ပိုးဝင်ပြီးသေဆုံးခဲ့ရရှာပါတယ်။ ဒါကြောင့်လည်း စင်သီယာမောင်တို့ မောင်နှစ်တွေကို အရေအတွက်အားဖြင့် ခုနှစ်ယောက်လို့ပြောခဲ့ရတာဖြစ်ပါတယ်။ အမည်နာမ အနေနဲ့ကတော့ ကြီးစဉ်ငယ်လိုက်ဖော်ပြရရင် နန့်လားရှာ၊ နန့်ဖန်းဃို၊ စင်သီယာမောင်၊ နန့်ရှာထူးဝေါ်၊ စလုံ့မံ၊ ဒေါက်တာရှီးရှို၊ စစေးမံ တို့ပါပဲ။ ဒေါက်တာစင်သီယာမောင်တို့ ညီအစ်ကိုမောင်နှမ တွေဟာ တယောက်နဲ့တယောက် တနှစ်ကြီးတနှစ်ငယ်တွေ ဖြစ်ကြတဲ့အတွက် အကြီးက အငယ်ကိုထိန်းကြောင်း ပြုစုပေး ရင်း အရွယ်ရောက်လာကြတာဖြစ်ပါတယ်။ ဒါကြောင့်လည်း မောင်နှမတတွေ တယောက်နဲ့တယောက် အပြန်အလှန် ရင်းနှီး ချစ်ခင်မှုရှိကြသလို လေးစားသမှုလည်းရှိခဲ့ကြတယ်လို့ ဆိုရမှာ ပါပဲ။

## ဒေါက်တာစင်သီယာမောင်၏ ကလေးဘဝ

သူမကို သူမရဲ့ဖခင်ဖြစ်သူ မန်းငြိမ်းမောင် လက်ထောက် ကျန်းမာရေးမှူးသင်တန်းတက်နေတဲ့အချိန်မှာ မိခင်ဖြစ်သူ နမ့် လှကြည်က အင်းစိန်ဆေးရုံမှာ မွေးဖွားခဲ့တာဖြစ်ပါတယ်။ သူမ မွေးဖွားပြီး သိပ်မကြာခင်မှာပဲ ဖခင်ဖြစ်သူ မန်းငြိမ်းမောင်ဟာ လက်ထောက်ကျန်းမာရေးမှူးအဖြစ် သူတာဝန်ကျတဲ့ ရေနံ ချောင်းမြို့ကို ပြောင်းရတဲ့အတွက် သူမဟာ မိဘတွေနဲ့အတူ ရေနံချောင်းကို ပါသွားခဲ့ပါတယ်။ နောက်တကြိမ် သူမ ဖခင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့တဲ့နေရာကတော့ သရက်မြို့ပါ။ ဒါပေမယ့် အဲဒီအချိန်မှာ သူမက သိပ်ငယ်သေးတော့ အာရုံထဲ မှာ စွဲစွဲထင်ထင် ဘာမှမကျန်ခဲ့ပါဘူး။ ဖခင်မန်းငြိမ်းမောင် မော် လမြိုင်ကို ပြောင်းရတဲ့အချိန်ရောက်မှ အဲဒီအချိန်မှာ အသက် သုံးလေးနှစ်သမီးအရွယ် ရောက်နေပြီဖြစ်တဲ့ သူမဟာ ဘဝ

www.burmeseclassic.com

စတင်ခဲ့တယ်လို့ ပြောရပါလိမ့်မယ်။ ကျောင်းနေရမယ့်အရွယ် ရောက်လာတဲ့အခါမှာ သူမဟာ မော်လမြိုင် အထက (၄) မှာ သူငယ်တန်း စပြီးတက်ခဲ့ပါတယ်။ ဖခင်က ကျေးလက်ကျန်းမာ ရေးမှူးဆိုတော့ သုံးလေးလ တကြိမ်လောက် သူတာဝန်ကျတဲ့ ကျေးရွာတွေကို ဆင်းပြီး ကျန်းမာရေးစောင့်ရှောက် ကုသမှုတွေ လုပ်ပေးရပြီး တခါခရီးထွက်ရင် တလလောက်ကြာတတ်တော့ သူမတို့ မောင်နှမတွေကို အိမ်မှာပဲ အမြဲရှိနေတတ်တဲ့ မိခင်က ကြည့်ရှုစောင့်ရှောက်ပါတယ်။ ညီအစ်ကိုမောင်နှမများတဲ့ မိသားစုဖြစ်တဲ့အတိုင်း ကြီးတဲ့သူက အငယ်တွေကို ကူညီထိန်းကျောင်း ပေးရင်းပဲ ကြီးပြင်းလာခဲ့ကြပါတယ်။ အစပိုင်းမှာတော့ သူမတို့ မိသားစုဟာ အိမ်ငှားပြီး နေထိုင်ခဲ့ကြရပြီး အိမ်ငှားတို့ရဲ့ ထုံးစံ အတိုင်း မကြာမကြာလည်း အိမ်ပြောင်းခဲ့ကြရပါတယ်။ အဲဒီ အချိန်မှာ သားသမီးတွေလည်းများ၊ အရွယ်လည်းရောက်လာကြ တဲ့အတွက် မန်းငြိမ်းမောင်နဲ့ နမ့်လှကြည်တို့ဟာ မော်လမြိုင်မှာပဲ အခြေချနေထိုင်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ သူမ ခုနှစ်တန်း ရှစ်တန်းလောက်ရောက်တဲ့အချိန်မှာတော့ မဆလ အစိုးရက ပြည်သူပိုင်သိမ်းထားတဲ့ ကျောင်းနဲ့ သာသနာ မြေနေရာအစား လယ်မြေကွက်ပြန်ချပေးတဲ့အတွက် မန်းငြိမ်းမောင်ဟာ လယ်မြေ ထဲမှာ အိမ်ယာတနေရာစာရရှိခဲ့ပါတယ်။ အဲဒီအိမ်ယာ အကွက် ကလေးမှာ မန်းငြိမ်းမောင်က သူ့မိသားစုအတွက် အိမ်ကလေး တလုံး ဆောက်ပေးခဲ့ပါတယ်။ သစ်တိုင်၊ ပျဉ်ခင်း၊ ကျူထရံကာ အင်ဖက်မိုး အိမ်ကလေးပေမယ့် အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ မီးဖိုခန်းတွေနဲ့ သပ်သပ်ရပ်ရပ်ကလေး ဆောက်ထားတဲ့ အိမ်လေး တလုံးပါ။ သူမတို့ ညီအစ်မလေးယောက်အတွက် အိပ်ခန်းတခန်း ရပေမယ့် မိသားစု စုရပ်ဖြစ်တဲ့ အိမ်ရှေ့ဧည့်ခန်းမှာပဲ စကားပြော

www.burmeseclassic.com
ကြ စာဖတ်ကြရင်းနဲ့ ညီအစ်မတွေ ဦးတဲ့သူက နေရာယူ အိပ်လေ့ရှိကြတယ်။

သူမဟာ သူမရဲ့အစ်မ ညီမတွေနဲ့အတူတူ ကျောင်းအားရက်တွေမှာ အဖေ့ရဲ့ စိုက်ခင်းပျိုးခင်းလေးတွေမှာ မိခင်ရဲ့ မွေးမြူရေးကိစ္စတွေမှာ ကူညီဆောင်ရွက်ပေးလေ့ရှိခဲ့ပါတယ်။ တခါတရံမှာတော့ သူမဟာ ဖခင်ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ ခရီးမှာ ဖခင်နဲ့အတူ လိုက်ပါပြီး သူမတတ်နိုင်တဲ့ အကူအညီတွေလုပ်ကိုင်ဆောင်ရွက်ပေးခဲ့တာမျိုးလည်း ရှိပါတယ်။ ကလေးသဘာဝအတိုင်း ဆော့ကစားကြတဲ့အခါ အများအားဖြင့် ဗမာကလေးတွေ ကစားလေ့ရှိတဲ့ ဖန်ခုန်၊ ထုပ်ဆီးတိုး စတဲ့ကစားနည်းတွေကိုပဲ ကစားလေ့ရှိခဲ့ပါတယ်။ အားကစားတခုခုကို စူးစူးစိုက်စိုက် ကစားတာမျိုးတော့ မရှိခဲ့ပါဘူး။ ဒါပေမယ့် အားကစားနည်းတွေထဲမှာ သူမက ဘတ်စ်ကက်ဘောကစားနည်းကိုနှစ်သက်သဘောကျခဲ့ပါတယ်။

အများအားဖြင့်တော့ သူမတို့ညီအစ်မတွေဟာ အိမ်ရဲ့အဓိကအလုပ်ဖြစ်တဲ့ ရေခပ်သွားရင်းပဲ ကစားခဲ့ကြတာများပါတယ်။ ကျောင်းဆင်းလို့ အိမ်ရောက်တာနဲ့ ရေပုံးဆွဲပြီး အိမ်ကနေ ၁၅ မိနစ် မိနစ် ၂၀ လောက် လျှောက်ရတဲ့ ရေတွင်းကြီးဆီကို သွားကြရပါတယ်။ တမိသားစုလုံး သုံးဖို့ရေကို ခပ်ရတာဖြစ်တဲ့အတွက် ရေခပ်ချိန်ဟာ တနာရီ နှစ်နာရီလောက်ကြာတတ်ပါတယ်။ သူတို့လိုပဲ ရေလာခပ်တဲ့သူတွေများနေရင်လည်း ကိုယ့်ရေဆွဲဖို့ အလှည့်ကို စောင့်ကြရသေးတာမို့ စောင့်ရင်းပဲ ကစားခဲ့ကြတာပါပဲ။

ပူပင်တတ်တဲ့ မိခင်ရဲ့ ပြုစုစောင့်ရှောက်မှုအောက်မှာ ကြီးပြင်းလာခဲ့ကြတဲ့အတိုင်း ဝေးဝေးလံလံသွားတာမျိုး တခြားလူစုရာ

www.burmeseclassic.com

မှာ သွားကစားတာမျိုးတွေ မရှိခဲ့ကြပါဘူး။ ရုပ်ရှင်သွားကြည့်ကြတဲ့အခါမျိုးမှာလည်း ဖခင်ဖြစ်သူ မန်းငြိမ်းမောင်နဲ့ပဲ သွားကြရပါတယ်။

## သူငယ်ချင်းအပေါင်းအသင်း

အစဉ်တစိုက် စွဲစွဲမြဲမြဲတွဲပြီး အချစ်ဆုံးသူငယ်ချင်းရယ်လို့ သူမဘဝမှာ မရှိခဲ့ပါဘူး။ အတန်းတတန်းပြီးတတန်းတက်လာရင်း နီးစပ်တဲ့ အုပ်စုနဲ့ ခင်မင်သွားတာမျိုးရှိပေမယ့် နောက်တတန်းတက်တော့လည်း နောက်နီးစပ်လာတဲ့ အုပ်စုနဲ့ ခင်မင်သွားပြီးတွဲခဲ့တာပါပဲ။ အနေနီးစပ်တယ်ဆိုတာကတော့ စရိုက်သဘောချင်းတူလို့ နီးစပ်ပေါင်းသင်းခဲ့မိတာကို ပြောတာပါ။ အထက်တန်းအောင်ပြီးတဲ့အချိန်မှာ မော်လမြိုင်ဒေသကောလိပ်မှာ နှစ်နှစ်တက်ခဲ့ရပြီး ရန်ကုန်ဆေးတက္ကသိုလ်ကို တက်ရောက်ခဲ့တဲ့အခါမှာလည်း ရန်ကုန်ထဲကနေပြီးတက်တဲ့ နေ့ကျောင်းသား



သူငယ်ချင်းများနှင့်အတူ ဒေါက်တာစင်သီယာမောင်အား ပန်းခြံတစ်ခုတွင် တွေ့ရစဉ် ၁၀၊ ၁၁၊ ၈၈

www.burmeseclassic.com

အုပ်စုနဲ့ နယ်ကလာပြီးတက်တဲ့ အဆောင်ကျောင်းသားအုပ်စု ရယ်လို့ရှိနေတဲ့အတွက် သူ့အုပ်စုနဲ့သူ သီးသီးသန့်သန့်ဖြစ်နေခဲ့ ပါတယ်။ ဆေးကျောင်းသားကျောင်းသူတွေအနေနဲ့ ကွင်းဆင်း ရတဲ့အချိန်တွေမှာတော့ အုပ်စုချင်းပေါင်းစည်းသွားတာမျိုး ရှိခဲ့ ပါတယ်။ အဲဒီအချိန်က အပေါင်းအသင်းသူငယ်ချင်းတွေကို တခါတလေ သတိရတတ်တာမျိုးရှိပေမယ့် သူငယ်ချင်းတယောက် ယောက်အပေါ်မှာ ထူးထူးခြားခြား တမ်းတလွမ်းဆွတ်တာမျိုး၊ တွေ့ချင်တာမျိုးတော့ သူမမှာမရှိခဲ့ပါဘူး။

## ဆေးကျောင်းသူဘဝအတွေ့အကြုံခံစားမှု

မော်လမြိုင် ဒေသကောလိပ်မှာ ဒုတိယနှစ်တက်အပြီး အဲဒီ အချိန်က စနစ်အရ ဆယ်တန်းရမှတ်နဲ့ ဒေသကောလိပ်နှစ်နှစ် ရမှတ် ပေါင်းပြီး ပျမ်းမျှအမှတ် သတ်မှတ်ချက်အရ သူမ ဆေး တက္ကသိုလ် ဝင်ရောက်ခွင့်ရရှိခဲ့ပါတယ်။ ဆေးတက္ကသိုလ် ကို စတင်တက်ရောက်ခဲ့တဲ့နှစ်ကတော့ ၁၉၈၀ ခုနှစ်ဖြစ်ပြီး 2nd MB က စတက်ခဲ့ရပါတယ်။ အဲဒီအချိန်က နယ်ကတက္ကသိုလ်လာ တက်တဲ့ ကျောင်းသားကျောင်းသူတွေကို အဆောင်နေခွင့်ပေး နေသေးတဲ့အချိန်ဖြစ်လို့ သူမ သီတာဆောင်မှာ နေခွင့်ရခဲ့ပါ တယ်။ အဲဒီအဆောင်နေကျောင်းသူဘဝမှာလည်း အဆောင် စည်းကမ်းအရ တနှစ်တခါ အခန်းပြောင်းကြရတဲ့အတွက် အခန်း ဖော်အဖြစ် သတ်သတ်မှတ်မှတ် တွဲသွားခဲ့မိတဲ့ သူငယ်ချင်းဆိုတာ မျိုးမရှိခဲ့ပါဘူး။ မှတ်မှတ်ရရ နေခဲ့ရတဲ့အချိန်မှာ သိပ်ပြီး သက် တောင့်သက်သာ မရှိခဲ့တာပါဘဲ။ မနက်မိုးလင်းတဲ့အခါ ရေချိုးခန်း မှာ ရေမရတာမျိုး၊ မြောက်ဥက္ကလာဆေးကျောင်းမှာ သွားတက်ရ တဲ့အချိန်မှာ ညနေစာသင်ချိန်အပြီး အဆောင်ပြန်ဖို့ ဘူတာရုံ

www.burmeseclassic.com
အချိန်မီ အပြေးအလွှားသွားတာမျိုး၊ ရထားမမီလိုက်တာမျိုးတွေ မကြာခဏဆိုသလို ကြုံတွေ့ခဲ့ရတဲ့ အတွက်ပေါ့လေ။ နောက် သူမ ဆေးကျောင်းတက်တဲ့အချိန်ဟာ မြန်မာပြည်ကြီး တစထက်တစ ပျက်စီးယိုယွင်းစပြုနေတဲ့ အချိန်ဖြစ်ပါတယ်။ အတန်းတွေ ရွှေ့ပေးရတာ၊ ဖျက်ပေးရတာမျိုးတွေ မကြာခဏဖြစ်နေခဲ့ပါပြီ။ တက္ကသိုလ်နယ်မြေအသီးသီးမှာလည်း အစိုးရရဲ့အကျင့်ပျက်ပြား ခြစားလောက်ကိုက်မှုတွေ၊ မတရားမှုတွေအကြောင်း တီးတိုး ပြောဆိုမှုတွေ များလာသလို အပြောင်းအလဲတခုခုကို တောင့်တ ပြောဆိုမှုတွေ ရှိလာခဲ့ပါပြီ။ သူမတို့ကျောင်းသားကျောင်းသူတွေ အနေနဲ့ ‘ဘာဖြစ်လို့ ဒီလို ဖြစ်နေရတာလဲ’ ဆိုတဲ့ မေးခွန်းကို မေးတတ်လာခဲ့ပါတယ်။

စင်သီယာမောင်ကတော့ နိုင်ငံရေးကို သိပ်စိတ်ဝင်တစား မရှိခဲ့တာ အမှန်ပါပဲ။ သူမက မိန်းကလေးသူငယ်ချင်းတွေနဲ့ သစ်ပင်ရိပ်ကောင်းကောင်းအောက်မှာ အတင်းပြောရတာ၊ အစိုးရရဲ့ခြစားလောက်ကိုက်မှုတွေ ပြောရတာကို အတန်းတက် တာထက် ပိုပြီး စိတ်ဝင်စားခဲ့ပါတယ်။ သိပ်ပျင်းလာရင် ကျောင်း ကလစ်ပြီး ရုပ်ရှင်ကြည့်တာမျိုးတွေ လုပ်တတ်ပါတယ်။ အတန်းတက်ဖြစ်တဲ့အချိန်တွေမှာလည်း ဆရာတွေ ရှေ့က သင် ကြားပို့ချရင်း သင်ပုန်းပေါ်မှာ ရေးပြသွားတာတွေကို လိုက်ကူး ရင်ကူး မကူးတဲ့အခါမျိုးဆိုရင်လည်း အိပ်ငိုက်နေတတ်ခဲ့သူ ဖြစ်ပါတယ်။

သင်ကြားပို့ချတဲ့ ဆရာ ဆရာမတွေအနေနဲ့တော့ သူမက အားလုံးလောက်နီးပါးကို သဘောကျ နှစ်သက်ခဲ့ပါတယ်။ ဝါရင့်ဆရာ၊ ဆရာမကြီးတွေရဲ့ အတွေ့အကြုံနဲ့ယှဉ်တဲ့ သင် ကြားပို့ချမှုတွေကို နှစ်သက်ခဲ့သလို ငယ်ရွယ်သူ ဆရာ ဆရာမ

www.burmeseclassic.com

တွေရဲ့ တိကျသေချာတဲ့ အချက်အလက်အကိုးအကားနဲ့ သင်ကြားမှုတွေပေါ်မှာလည်း နှစ်သက်သဘောကျခဲ့တာပါပဲ။

ဆေးကျောင်းသူဘဝမှာ ပညာသင်နေစဉ်ကာလအတွင်း တပတ်တခါ နှစ်ပတ်တခါဆိုသလို ရန်ကုန်မြို့ထဲ သွားပြီး လည်ပတ်ခဲ့တာမျိုး လုပ်ခဲ့ပေမယ့် လည်ပတ်သွားလာဖို့ သိပ်စိတ်မဝင်စားခဲ့ပါဘူး။ ရက်ရှည်ကျောင်းပိတ်တဲ့အခါမျိုးမှာတော့ သူမတခါမှ မရောက်ခဲ့ဘူးတဲ့ မြစ်ကြီးနား၊ ပျဉ်းမနား စတဲ့ မြို့မျိုးတွေ၊ မြစ်ဝကျွန်းပေါ်က မြောင်းမြလို မြို့မျိုးတွေကို သူငယ်ချင်းတွေနဲ့ လိုက်သွားခဲ့တာမျိုးတွေ ရှိခဲ့ပါတယ်။

သူမ နောက်ဆုံးနှစ် ဆေးကျောင်းသူ ဖြစ်လာတဲ့အချိန်မှာတော့ သူမတို့ သူငယ်ချင်းတွေကြားမှာ တယောက်နဲ့တယောက် ခွဲခွာရတော့မယ်ဆိုတဲ့ခံစားမှုနဲ့ ဝမ်းနည်းစိတ်မကောင်းဖြစ်ကြသလို အလုပ်သင်ဆရာဝန်ကာလ ပြီးသွားကြရင် ဘာလုပ်ကြမလဲ၊ အစိုးရအလုပ်ဝင်လုပ်မလား၊ သမဝါယမဆေးခန်းထိုင်မလား။ ဆေးပဲရောင်းစားကြရမလား စသည်ဖြင့် မရေရာလှတဲ့ အနာဂတ်မှာ ဘာလုပ်မယ်ဆိုတာ ရေရေရာရာ မပြောနိုင်ခဲ့ကြပါဘူး။ ဒီလိုနဲ့ပဲ အများနည်းတူ သူမ နောက်ဆုံးနှစ် စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ပါတယ်။

## ကျောင်းအပြီး အလုပ်သင်ဆရာဝန်ဘဝနှင့် ဆရာဝန်ဘဝ

ဆေးကျောင်းပြီးလို့ သူမ အလုပ်သင်ဆရာဝန်အဖြစ် ဆေးရုံဆင်းရတဲ့အချိန်မှာ မော်လမြိုင်ဆေးရုံကြီးမှာပဲ ပြန်ပြီးဆင်းခွင့်ရခဲ့ပါတယ်။ အဲဒီလို အလုပ်သင်ဆရာဝန်ဘဝရောက်လာတဲ့အခါမှာတော့ သူမဟာ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဆေးရုံဝန်

www.burmeseclassic.com
ထမ်းတွေနဲ့ ဆေးရုံလာပြီးတက်ရောက်ကုသကြတဲ့ လူနာတွေရဲ့ တကယ့်ဘဝကို ပထမဆုံးအကြိမ် သိမြင်လာခဲ့ရပါတယ်။ ဆရာဝန်တွေရော ဆရာမတွေပါ စားဝတ်နေရေး အဆင်ပြေရေးအတွက် အပြင်ဆေးခန်းတွေမှာ ဝင်ငွေရအောင်ရှာဖို့ လုံးပန်းနေကြရတဲ့အတွက် တချို့ဆရာဝန် ဆရာမတွေဟာ ဆေးရုံမှာတောင် အပြည့်အဝအချိန် မပေးနိုင်ကြတာတွေ သူမ တွေ့ခဲ့ရပါတယ်။ လူနာတွေရဲ့ ရောဂါကုသရေးကိစ္စ၊ ပြုစုစောင့်ရှောက်ရေးကိစ္စထက် စီးပွားရေး အဆင်ပြေရေးကိုပဲ လုံးပန်းနေကြရတော့ ကုသရေး ပြုစုစောင့်ရှောက်ရေးတွေမှာ တာဝန် ချို့ယွင်းတာမျိုးတွေ သူမတွေ့မြင်ခဲ့ရသလို ဆေးရုံကို မလွှဲမရှောင်သာလာပြီး တက်ရောက်ကုသမှုယူခဲ့ကြတဲ့ လူနာတွေအနေနဲ့လည်း ဆေးရုံပေါ်ရောက်တဲ့အချိန်မှာ လိုအပ်တဲ့ ဆေးဝါးဝယ်ယူဖို့ ငွေကြေးအခက်အခဲ ကြုံတွေ့ကြရပြီး ဆက်ပြီးမကုနိုင်ဖြစ်ကြရတာတွေကိုလည်း စိတ်မကောင်းစရာအဖြစ် သူမ တွေ့ကြုံခံစားခဲ့ရပါတယ်။ တချို့လူနာတွေဟာ ဆေးရုံကိုလာဖို့ ငွေကြေးရှာဖွေ စုဆောင်းနေရတာနဲ့ပဲ ကုသမှုခံယူသင့်တဲ့ အချိန်ထက် အများကြီး နောက်ကျပြီးမှ ဆေးရုံကို ရောက်လာကြပြီး မသေဆုံးသင့်ဘဲ သေဆုံးကြရတာမျိုးတွေကိုလည်း သူမ သိမြင်ခွင့်ရခဲ့ပါတယ်။

အလုပ်သင်ဆရာဝန်ဘဝ ပြီးဆုံးလို့ ဆရာဝန်တယောက်ဖြစ်လာတဲ့အချိန်မှာ သူမဟာ အစိုးရဝန်ထမ်းလက်ထောက်ဆရာဝန်ရာထူးနေရာကို မလျှောက်တော့ဘဲ သူမရဲ့ ဆွေမျိုးသားချင်းတွေ နေထိုင်ရာ ပုသိမ်မြို့ကို သွားရောက်ခဲ့ပါတယ်။ ပုသိမ်မြို့မှာ သူမရဲ့အဒေါ်ဝမ်းကွဲတယောက်က 'ပတ္တား' ဆိုတဲ့ အမည်နဲ့ ပုဂ္ဂလိကသားဖွားဆေးခန်းတခု ထောင်ထားပါတယ်။ အဲဒီဆေး

www.burmeseclassic.com

ခန်းမှာ လုပ်နေတဲ့ အစိုးရဆရာဝန်တယောက် နယ်ပြောင်းရတဲ့ အချိန်မှာ လစ်လပ်သွားတဲ့ ဆရာဝန်နေရာမှာ သူမကို ဝင်လုပ်ပေးဖို့ ကမ်းလှမ်းပြောဆိုလာတဲ့အတွက် သူမက ဝင်ရောက်လုပ်ကိုင်ပေးခဲ့ပါတယ်။ သူမဟာ အဲဒီဆေးခန်းမှာ တနှစ်ခွဲလောက် ဆရာဝန်တယောက်အဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့ပါတယ်။

အဲဒီအချိန်မှာ မဆလအစိုးရက ငွေစက္ကူတချို့ကို တရားမဝင်ကြေညာခဲ့တဲ့အတွက် ကျောင်းသားလူပ်ရှားမှုတွေ တက္ကသိုလ်အသီးသီးမှာပေါ်လာခဲ့ပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်လာခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ မော်လမြိုင်မှာပဲ နေထိုင်ကျန်ရစ်ခဲ့တဲ့ သူမ မိခင်ရဲ့ကျန်းမာရေးအခြေအနေ ချို့ယွင်းလာတဲ့အတွက် သူမက ကရင်ပြည်နယ် ဒါမှမဟုတ် မွန်ပြည်နယ်တနေရာရာမှာပဲ ဆေးခန်းဖွင့်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ၁၉၈၇ မှာ သူမ မော်လမြိုင်ကို ပြန်ရောက်ခဲ့ပြီး အသည်းအသန်ဖြစ်နေပြီဖြစ်တဲ့ သူမရဲ့ မိခင်ဖြစ်သူဟာ မော်လမြိုင်မြို့မှာပဲဆုံးပါးသွားခဲ့ပါတယ်။ မိခင်ကွယ်လွန်ပြီးချိန်မှာလည်း သူမဟာ တခြားတနေရာကို မသွားတော့ဘဲ ကျောင်းနေစဉ်က ခင်မင်ရင်းနှီးခဲ့တဲ့ သူငယ်ချင်းတဦးရဲ့ အဆက်အသွယ်နဲ့ ကရင်ပြည်နယ် အိန္ဒူကျေးရွာမှာပဲ ကိုယ်ပိုင်ဆေးခန်းလေးတခု ဖွင့်ပြီး သူမရဲ့ဘဝကို ရပ်တည်ခဲ့ပါတယ်။

သူမ ကိုယ်ပိုင်ဆေးခန်းလေးဖွင့်ခဲ့တဲ့ အိန္ဒူကျေးရွာဟာ တကယ်တော့ ရွာကြီးတရွာဖြစ်ပါတယ်။ လူဦးရေ နှစ်သောင်းပတ်ဝန်းကျင်လောက် နေထိုင်တဲ့ရွာပါ။ အိန္ဒူရွာမှာ ကရင်အုပ်စု၊ မွန်အုပ်စု၊ ပအို့ဝ်အုပ်စုဆိုပြီး အုပ်စုသုံးစုရှိပြီး ကရင်လူမျိုးအုပ်စုက အများစု လယ်လုပ်ကြပါတယ်။ မွန်အုပ်စုကတော့ အများအားဖြင့် ထန်းတက်၊ ထန်းလျက်ချက်၊ ပေါက်ပေါက်ဆုပ်

www.burmeseclassic.com

လုပ် စတာတွေလုပ်ကြပြီး ပအို့ဝ်အုပ်စုက လူများစုက ရက်ကန်းရက်ပြီး အသက်မွေးမှုပြုကြပါတယ်။ ဒါပေမယ့် အုပ်စုသုံးစုစလုံးရဲ့ အများစုကတော့ လက်လုပ်လက်စားတွေပဲဖြစ်ပါတယ်။

လူဦးရေများတဲ့ ရွာကြီးတရွာဖြစ်တဲ့အတွက် ဆေးရုံလေးတရုံတော့ ရှိပါတယ်။ ဒါပေမယ့် ဆရာဝန်မရှိပါဘူး။ သူနာပြုဆရာမတယောက်ပဲရှိပါတယ်။

ဆရာဝန်လည်းမရှိ ဆေးဝါးလည်းမရှိတဲ့အတွက် ကျန်းမာရေး၊ ကာကွယ်ရေး၊ ကုသရေးတွေကို ဘာမှ မယ်မယ်ရရ ဆေးရုံအနေနဲ့ လုပ်မပေးနိုင်ခဲ့ပါဘူး။ ကျေးရွာလူထုဟာ အပြင်ဆေးခန်းကလေးတွေကိုပဲ အားကိုးခဲ့ရတာဖြစ်ပါတယ်။ သူမအနေနဲ့လည်း ကျေးလက်ပြည်သူလူထုရဲ့ ကျန်းမာရေးကို သူမ ဖွင့်လှစ်ထားတဲ့ဆေးခန်းကလေးကနေ တတ်နိုင်သလောက် စောင့်ရှောက်ပေးခဲ့ပါတယ်။

## ၈၈၈၈ လူထု ဒီမိုကရေစီအရေးတော်ပုံကာလ

ဒေါက်တာစင်သီယာမောင်တယောက် အိန္ဒုကျေးရွာမှာ သူမရဲ့ ကိုယ်ပိုင်ဆေးခန်းဖွင့်ပြီး ဘဝကို စတည်စအချိန်မှာပဲ ၁၃၅၀ ပြည့်နှစ် ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီး ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ အိန္ဒုကျေးရွာက ဘားအံ၊ မော်လမြိုင်၊ ရန်ကုန် စတဲ့ တက္ကသိုလ်ကောလိပ် အသီးသီးမှာ သွားရောက် ပညာသင်ယူနေကြတဲ့ ကျောင်းသားကျောင်းသူတွေလည်း ရွာကို ပြန်ရောက်နေကြပြီဖြစ်လို့ အိန္ဒုကျေးရွာမှာလည်း ဒီမိုကရေစီရေး တောင်းဆိုချီတက်ဆန္ဒပြတာတွေ သပိတ်စခန်းဖွင့်တာတွေ ရှိလာခဲ့ပါတယ်။

www.burmeseclassic.com

တက္ကသိုလ်ကျောင်းသူဘဝကနေ ဆရာဝန်ဖြစ်လာတာ မကြာလှသေးတဲ့ ဒေါက်တာစင်သီယာမောင်ဟာ အဲဒီကျောင်းသား ကျောင်းသူတွေနဲ့ တွဲပြီး သပိတ်စခန်းဖွင့် ဒီမိုကရေစီရေးအတွက် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ဒါပေမယ့် လူထုဒီမိုကရေစီ အရေးတော်ပုံကြီးကို လက်နက်နဲ့ ရက်ရက်စက်စက် ပစ်ခတ်နှိမ်နင်းခဲ့တဲ့ စစ်တပ်က ၁၈၊ ၉၊ ၈၈ ခုနှစ်မှာ တိုင်းပြည်အာဏာကို သိမ်းယူခဲ့ပြီး စစ်အာဏာရှင်စနစ်ကို တည်ထောင်ခဲ့တဲ့အတွက် ဒီမိုကရေစီတိုက်ပွဲကို ဆက်လက်ဆင်နွှဲပြီး စစ်အာဏာရှင်စနစ်ကို ချေမှုန်းဖယ်ရှားချင်ကြသူ ကျောင်းသားကျောင်းသူတွေနဲ့ လူငယ်တွေဟာ နယ်စပ်ဒေသတိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအင်အားစုများရှိရာကို အစုလိုက်အပြုံလိုက် ထွက်ခွာခဲ့ကြပါတယ်။ အဲဒီကျောင်းသားကျောင်းသူ လူငယ်တွေနဲ့အတူ ဒေါက်တာစင်သီယာမောင်တယောက်လည်း နယ်စပ်ဒေသကို ထွက်လာခဲ့ပါတယ်။

## တော်လှန်ရေးခရီးအစ

တကယ်တော့ ဒေါက်တာစင်သီယာမောင်ဟာ အဲဒီနယ်စပ်ဒေသခရီး လမ်းပန်းအခြေအနေနဲ့ နယ်စပ်ဒေသက တိုင်းရင်းသား လက်နက်ကိုင်အင်အားစုတွေရဲ့ အခြေအနေကို ဘာမှ သိမထားခဲ့ပါဘူး။ ဒါပေမယ့် ဆုံးဖြတ်ချက်ချပြီးတဲ့အတိုင်း စက်တင်ဘာလ (၂၂) ရက် နံနက် (၄) နာရီမှာ ခြေလျင်ခရီးထွက်ဖို့ စီစဉ်ထားခဲ့ပါတယ်။ အိန္ဒူရွာထဲက သူမနဲ့အတူ လိုက်ပါမယ့် လူငယ်တယောက်အိမ်မှာ (၂၁) ရက်နေ့ ည (၉) နာရီလောက်ကတည်းက သွားအိပ်ခဲ့ပါတယ်။ အစီအစဉ်အတိုင်း နောက်တနေ့နံနက် (၄) နာရီမှာ အိန္ဒူရွာကနေပြီး ခြေလျင်ခရီး စတင်

www.burmeseclassic.com
ထွက်ခွာလာခဲ့ကြပါတယ်။ သူမအပါအဝင် တက္ကသိုလ်ကျောင်းသားနှစ်ယောက် ဆယ်တန်းကျောင်းသား နှစ်ယောက်နဲ့ အဖွဲ့ဝင် (၁၄) ယောက်ဖြစ်ပါတယ်။

သူမတို့ (၁၄) ယောက်ဟာ အများအားဖြင့် ညဘက်တွေမှာသာ ခရီးသွားခဲ့ကြပြီး နေ့ဘက်တွေမှာတော့ တခါတလေ ဇရပ်၊ တခါတလေ ဘုန်းကြီးကျောင်း၊ ဒါမှမဟုတ် အိမ်တအိမ်မှာ နားနေခဲ့ကြပါတယ်။ ညဘက် ခရီးစမ်းတဝါးဝါးသွားခဲ့ရတဲ့အတွက် လမ်းပန်းနဲ့ ဖြတ်ကျော်ခဲ့တဲ့ ကျေးရွာတွေရဲ့အမည်ကို မမှတ်မိခဲ့ကြပါဘူး။ အဲဒီလိုနဲ့ သူမတို့အဖွဲ့ဟာ ကေအန်ယူ တပ်မဟာ (၂) နယ်မြေထဲမှာရှိတဲ့ 'သိကၠာရ' (သိက္ကာယ) ဆိုတဲ့ ကျေးရွာကို ဘေးမသီ ရန်မခပဲ ရောက်ရှိသွားခဲ့ကြပါတယ်။ သိကၠာရရွာဟာ နယ်စပ်ဒေသ ရွာတရွာဖြစ်ပါတယ်။ အဲဒီရွာမှာပဲ သူမတို့အားလုံးကို ကေအန်ယူလူကြီးတယောက်ရဲ့နေအိမ်မှာ နေရာချထားပေးခဲ့ပါတယ်။ တပတ်လောက်ကြာတဲ့အချိန်မှာတော့ သူမတို့အဖွဲ့ကို သက်ဆိုင်ရာ တာဝန်ရှိတဲ့ ကေအန်ယူလူကြီးတွေက ဘယ်စခန်းကို သွားချင်ကြသလဲလို့ မေးမြန်းခဲ့ပါတယ်။ သူမနဲ့ အုပ်စုစဉ်းစားကြတဲ့အခါမှာတော့ (၁၄) ယောက်ထဲက အများစုဟာ ဘားအံကလာကြတဲ့သူတွေဖြစ်တဲ့အတိုင်း ဘားအံအုပ်စုတွေရှိတယ်လို့ သိရတဲ့ 'ဝမ်ခ' စခန်းကို သွားဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ကေအန်ယူက သူမနဲ့အဖွဲ့ကိုသွားချင်တဲ့ ဝမ်ခစခန်းကို လိုက်ပါပို့ဆောင်ပေးခဲ့ပါတယ်။

သူမတို့အုပ်စု ဝမ်ခရောက်တဲ့အချိန်ဟာ ကျောင်းသားတပ်မတော် စတင်တည်ထောင်ပြီးချိန်ဖြစ်တဲ့အတွက် တချို့က ABSDF နဲ့ ပူးပေါင်းခဲ့ပြီး တချို့က ကေအန်ယူနဲ့ ပူးပေါင်းခဲ့ကြပါတယ်။ ဒေါက်တာစင်သီယာမောင်ကတော့ စထွက်လာခဲ့စဉ်

www.burmeseclassic.com



ဒေါက်တာစင်သီယာမောင် ကျိုက်ဒုံရေဘေးတွင်ကူညီစဉ်။ (၁၉၉၂)




ဒီအေဘီ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်စဉ်။

www.burmeseclassic.com



ဓာပွန်ခရိုင်တွင် ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်စဉ် (၁၉၉၀)



ဒေါက်တာစင်သီယာမောင် ကျန်းမာရေးပညာပေးသင်တန်း၌ ပို့ချစဉ် (၉၂–၉၃)

www.burmeseclassic.com

ကတည်းက ဆက်သွယ်ပြင်ဆင်ထားတာ မရှိခဲ့သလို ABSDF နဲ့ ကေအန်ယူတို့ ရှေ့ ဘာဆက်လုပ်မှာလဲ၊ ဆက်ဆံရေးအခြေ အနေ ဘယ်လိုရှိနေသလဲဆိုတာ မသိတဲ့အတွက် ဘယ်အဖွဲ့နဲ့မှ မပူးပေါင်းခဲ့သေးပါဘူး။ ဒါပေမယ့် ကေအန်ယူက ကျောင်းသား အဖွဲ့ တာဝန်ခံတယောက်နဲ့ ဆက်သွယ်ပေးခဲ့ပြီး အဲဒီကျောင်း သားတာဝန်ခံက သူမကို ဆရာဝန်ပညာတတ်တယောက်ဖြစ် တဲ့အတွက် ကျောင်းသားတွေနဲ့ ပတ်သက်တဲ့ ကူညီထောက်ပံ့ မှုတွေ နိုင်ငံခြားဆက်ဆံရေးကိစ္စတွေမှာ အကူအညီပေးဖို့ တောင်းဆိုလာတဲ့အတွက် သူမက အကူအညီပေးဖို့ သဘောတူ ညီခဲ့ပါတယ်။ အဲဒီကိစ္စတွေမှာ ပါဝင်ကူညီဆောင်ရွက်ရင်းပဲ ဆေးဝါးဘက်ပိုင်း နည်းနည်းပါးပါး ကူညီဆောင်ရွက်ခဲ့ရာက လုပ်ငန်းတွေနဲ့ ထိတွေ့ဆက်စပ်မှုရှိလာခဲ့ပါတယ်။ နယ်စပ်ဒေသ ကျောင်းသားစခန်းတွေအတွက် ဆေးဝါးရရှိဖို့ ရိက္ခာထောက်ပံ့ဖို့ ဆောင်ရွက်တဲ့အခါ သူမဟာ NGO လေးတွေ ထိုင်းမှာရှိတဲ့ လူမှု အသင်းအဖွဲ့လေးတွေနဲ့ ဆက်စပ်လာခဲ့ရပါတယ်။ အများအားဖြင့် တော့ ဘာသာရေးအဖွဲ့တွေနဲ့ ဆက်စပ်ဆောင်ရွက်ခဲ့ရပါတယ်။ နောက်ပိုင်းမှာတော့ ဆေးဝါးရိက္ခာရရှိရေးအတွက်သာ မဟုတ် တော့ဘဲ ကျောင်းသားအုပ်စုတွေထဲက နာဖျားမကျန်းရှိလာတဲ့ အခါ ကျောင်းသားလူနာတချို့ကို မဲဆောက်ဆေးရုံပို့ရမယ့် အခြေ အနေမျိုးတွေရှိလာခဲ့ပါတယ်။ အဲဒီအချိန်မှာ မဲဆောက်ဆေးရုံနဲ့ ဆက်သွယ်ဆောင်ရွက်နိုင်ဖို့ အချို့ ခရစ်ယာန်ဘုရားကျောင်း တွေရဲ့အကူအညီကို ရယူခဲ့ရပါတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ တုန်းက စစ်အစိုးရ တပ်နဲ့ တိုက်ပွဲကြီးဖြစ်တာမျိုးမရှိသေးတော့ သာမန်ထိတွေ့မှုအနေနဲ့ ထိခိုက်ဒဏ်ရာအနည်းအပါးရတဲ့ လူနာမျိုးတွေလောက်ကိုပဲ ကုသပေးခဲ့ရတာများပါတယ်။

www.burmeseclassic.com

နောက်ပိုင်း စစ်အစိုးရတပ်တွေနဲ့ ကေအန်ယူတပ်တွေ ကျောင်းသားတပ်တွေနဲ့ ဝမ်ခတိုက်ပွဲလိုမျိုး အပြင်းအထန် တိုက်ခိုက်မှုမျိုးတွေ ဖြစ်လာတဲ့အချိန်မှာတော့ ဒဏ်ရာရလာတဲ့သူတွေကို အရေးပေါ်ကုသပေးဖို့၊ သိပ်ဒဏ်ရာပြင်းထန်တဲ့သူတွေကို မဲဆောက်ဆေးရုံပို့ပေးဖို့၊ ABSDF ထဲမှာ ပါဝင်နေပေမယ့် အသက်သိပ်ငယ်သေးလို့ တိုက်ပွဲတွေမှာ ပါဝင်တိုက်ခိုက်ဖို့ မသင့်သေးတဲ့ ကလေးတွေကို နေရာပေးထားဖို့ စတဲ့အခက်အခဲတွေကို ဒေါက်တာစင်သီယာမောင် ရင်ဆိုင်လာခဲ့ရပါတယ်။

## မယ်တော်ဆေးခန်းရဲ့အစ

လိုအပ်လာတဲ့အခြေအနေအရ ဆေးဝါးရရှိရေး၊ အရေးကြီးလူနာတွေကို မဲဆောက်ဆေးရုံကြီးကို အလွယ်တကူ လွှဲပြောင်းနိုင်ရေးနဲ့ ကျောင်းသားတပ်တွေထဲမှာ ဆေးတပ်သားတွေရှိဖို့ လိုအပ်လာတဲ့အတွက် ဆေးသင်တန်းပေးဖို့ စတာတွေအတွက် မဲဆောက်မှာ မဖြစ်မနေ ဆေးခန်းကလေးတခုအဖြစ် ခြေကုပ်ယူခဲ့ရပါတယ်။ ဆေးခန်းစတင်တည်ထောင်ခဲ့တာက ၁၉၈၉ ဖေဖော်ဝါရီလမှာဖြစ်ပြီး လူအင်အား ခြောက်ယောက်နဲ့ စတင်ခဲ့ရတာဖြစ်ပါတယ်။ စတင်တည်ထောင်ခဲ့စဉ်က ဆေးရုံဆေးခန်းကြီးတခုအဖြစ် တဖြည်းဖြည်းတိုးချဲ့သွားဖို့ သူမမှာ အစီအစဉ်မရှိခဲ့ပါဘူး။ တရားဝင်ရထားတဲ့နေရာမဟုတ်တဲ့အတွက်လည်း သူမက ဘယ်သူ့ကိုမှ အသိပေးအကြောင်းကြားခဲ့တာမရှိဘဲ တိုးတိုးတိတ်တိတ်နဲ့ပဲ သူမရဲ့ဆေးခန်းကို စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ လူအင်အားခြောက်ယောက်နဲ့ စခဲ့ရတယ်ဆိုပေမယ့် ဝိုင်းဝန်းပံ့ပိုးကြတဲ့ အကူအညီတွေကတော့ အများကြီးရှိခဲ့ပါတယ်။ ABSDF ထဲမှာ ပါဝင်လာခဲ့တဲ့ ဆရာဝန်

www.burmeseclassic.com
တချို့ကလည်း သွားလာဝင်ထွက်ရင်း လူနာကုသပေးတာတွေ၊ ဆေးသင်တန်းပေးတာတွေ ရှိခဲ့ပါတယ်။ ကော့ကရိတ်၊ ဒူးပလာ၊ ဘားအံ စတဲ့ ခရိုင်အလိုက်ရှိနေကြတဲ့ ABSDF စခန်းခေါင်း ဆောင်တွေအနေနဲ့လည်း သူတို့တပ်ဖွဲ့ဝင်လူနာတွေ လာပို့ရင်း၊ လာကြည့်ရင်းနဲ့ ဝိုင်းဝန်းပံ့ပိုးကူညီကြတာမျိုးတွေကို သူမ ရရှိ ခဲ့ပါတယ်။ ဒါပေမယ့် ဘယ်လိုပဲ တိုးတိုးတိတ်တိတ်လုပ်ခဲ့ပေ မယ့် ဆေးခန်းရှိနေတယ်ဆိုတာကို တစထက်တစ သိလာကြပါ တယ်။ အထူးသဖြင့် ထိုင်းနိုင်ငံထဲမှာ အလုပ်လာလုပ်နေကြတဲ့ အလုပ်သမားတွေ သိလာကြတဲ့အချိန်မှာတော့ စက်ရုံ အလုပ် ရုံမှာ ထိခိုက်ဒဏ်ရာရလာတဲ့လူနာမျိုး၊ ငှက်ဖျားရောဂါ ခံစား နေရတဲ့ လူနာမျိုးတွေကိုပါ ကုသပေးပေးနိုင်ရေးအတွက် တပတ် နှစ်ရက် နံနက်ပိုင်းတိုင်းမှာစတင်ကုသပေးခဲ့ပါတယ်။ နောက်ပိုင်း အမျိုးသမီးအလုပ်သမားတွေပါရောက်လာတဲ့အချိန်မှာတော့ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု၊ သားဖွားမှုနဲ့ ကလေးကျန်းမာ ရေးစောင့်ရှောက်ကုသမှုတွေကိုပါ သူမလုပ် ဆောင်ပေးခဲ့ရပါ တယ်။

အမျိုးမျိုးအစားစား ရောက်လာတဲ့ လူနာတွေ များပြားလာ တာနဲ့အမျှ ဆေးခန်းရဲ့ လိုအပ်မှုဟာ များလာခဲ့ရပါတယ်။ ဆေးခန်းကို တခန်းကနေ နှစ်ခန်း နောက်နှစ်ဆောင် သုံးဆောင် အထိ တိုးချဲ့ဖွင့်ပေးခဲ့ပါတယ်။ ဖျားနာဆောင်၊ ခွဲစိတ်ဆောင်၊ သားဖွားခန်း စသဖြင့် ခွဲခြားဖွင့်ပေးခဲ့ရသလို ဓာတ်ခွဲခန်းနဲ့ သွေးလှူခန်းလို အခန်းမျိုးလည်း တိုးချဲ့လာခဲ့ရပါတယ်။ ဆေးခန်း ဟာ တဖြည်းဖြည်းကြီးလာတာနဲ့အမျှ ငွေကြေးအရ၊ နည်းပညာ အရ ထောက်ပံ့ကူညီမှုတွေ လိုအပ်လာခဲ့ပြီး စီမံခန့်ခွဲမှုအပိုင်း လည်း လိုအပ်လာခဲ့ပါတယ်။ NGO တွေ၊ ဒေသဆိုင်ရာ လူမှုရေး

www.burmeseclassic.com

အသင်းအဖွဲ့တွေ၊ ဘာသာရေးအသင်းအဖွဲ့တွေရဲ့ ကူညီပံ့ပိုးမှုတွေကိုလည်း သူမ ရရှိခဲ့ပါတယ်။ တပြိုင်နက်တည်းမှာပဲ သူမရဲ့ လုပ်ငန်းတာဝန်တွေကလည်း များပြားလာခဲ့ပါတယ်။ ABSDF တပ်ဖွဲ့တွေနဲ့ နယ်စပ်တွေမှာ ဆေးခန်း ဆေးရုံလေးတွေထားနိုင်ဖို့ ABSDF ဆေးမှူးများ၊ ဒေသဆိုင်ရာ ကျန်းမာရေး/အုပ်ချုပ်ရေး အကြီးအကဲများနဲ့ ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး နယ်လှည့် ကျန်းမာရေးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့ ကျန်းမာရေးလုပ်သား သင်တန်းတွေကိုလည်း သင်ကြားပို့ချပေးခဲ့ရပါတယ်။ နယ်စပ် ဒေသ တိုင်းရင်းသားလူမျိုးစုကျေးရွာတွေနဲ့ ဒုက္ခသည်စခန်းတွေက ပို့ပေးတဲ့ ကျန်းမာရေးလုပ်သားတွေနဲ့ အကူအညီတွေကိုလည်း သူမ ရရှိခဲ့ပါတယ်။ တချို့ကျန်းမာရေးလုပ်သားတွေကတော့ မယ်တော်ဆေးခန်းရဲ့ ကျန်းမာရေးလုပ်ငန်းတွေမှာပဲ တစိုက်မတ်မတ် ပူးပေါင်းဆောင်ရွက်သွားကြပါတယ်။ ဒီလိုနဲ့ပဲ သူမရဲ့ မယ်တော်ဆေးခန်းရဲ့ အခန်းကဏ္ဍဟာ အရေးပါ ကျယ်ပြန့်လာခဲ့ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံစစ်အစိုးရရဲ့ ဖိစီးနှိပ်စက်မှု အမျိုးမျိုးကြောင့် မြန်မာနိုင်ငံကနေ ထွက်ပြေးလာခဲ့ကြတဲ့ ဒုက္ခသည်တွေ၊ ပြည်တွင်းမှာ လုပ်ကိုင်စားသောက်မှု အဆင်မပြေကြလို့ ထိုင်းနိုင်ငံနယ်စပ်ဒေသတွေမှာ လာရောက်အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေဟာ သူတို့ရဲ့ကျန်းမာရေးအတွက် မယ်တော်ဆေးခန်းကိုပဲ အဓိကအားကိုးအားထား ပြုနေကြပါတယ်။ မယ်တော်ဆေးခန်းရဲ့ အခမဲ့ ကုသစောင့်ရှောက်မှုနဲ့ စေတနာ့ဝန်ထမ်း ဝန်ဆောင်မှုတွေကြောင့် မြန်မာနိုင်ငံထဲမှာ နေထိုင်ကြပေမယ့် မြန်မာနိုင်ငံဆေးရုံဆေးခန်းတွေမှာ ဆေးဝါး ကုသဖို့ ငွေ ကြေးမတတ်နိုင်ကြတဲ့ မရှိဆင်းရဲသားတွေဟာလည်း သူတို့ရဲ့ဝေဒနာတွေကို ကုသဖို့ မယ်တော်ဆေးခန်းရှိရာကို ရောက်

www.burmeseclassic.com
ရှိလာခဲ့ကြပါတယ်။ အခုဆိုရင် ဒေါက်တာစင်သီယာမောင်နဲ့ မယ်တော်ဆေးခန်းရဲ့ ဂုဏ်သတင်းဟာ အနိုင်နိုင်ငံအထိ ပျံ့နှံ့ ထင်ရှားလာခဲ့ပြီဖြစ်သလို စေတနာရှင်တွေ၊ NGO တွေနဲ့ လူမှုရေး ကူညီထောက်ပံ့ရေးအသင်းအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့တွေရဲ့ အားပေးကူညီပံ့ပိုးမှုတွေကို ရရှိလာခဲ့ပါတယ်။ နိုင်ငံရပ်ခြားက စေတနာ၀န်ထမ်းဆရာ၀န်တွေ လာရောက်နေထိုင် ကုသပေးတာ မျိုးရှိလာသလို၊ အထူးကုအဖွဲ့တွေက အချိန် ကာလအပိုင်းအခြား နဲ့ ဆေးခန်းမှာ ဝေဒနာရှင်တွေကို လာရောက်ကုသပေးတာတွေ ရှိလာခဲ့ပါတယ်။

ဒေါက်တာစင်သီယာမောင်ရဲ့ စွမ်းဆောင်မှုနယ်ပယ်ဟာ လည်း ကျယ်ပြန့်လာခဲ့ပါတယ်။ မယ်တော်ဆေးခန်းရဲ့ ကျန်းမာ ရေးစောင့်ရှောက်မှုသာမကတော့ဘဲ ကလေးတွေရဲ့ ပညာသင် ကြားရေးအတွက်ပါ ဆောင်ရွက်ပေးဖို့ လိုအပ်လာတဲ့အတွက် ၁၉၉၄ ခုနှစ်မှာ မူကြိုကျောင်းကလေး စတင်တည်ထောင်ပေးခဲ့ ပြီး အဲဒီကျောင်းက ကလေးတွေ အတန်းကြီးလာကြတဲ့အချိန်မှာ မူလတန်းကျောင်းဖြစ်လာခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ များ ပြားလာတဲ့ကျောင်းသားဦးရေကြောင့် ကျောင်းကို နှစ်ကျောင်း ခွဲလိုက်ပြီး တကျောင်းကို မူကြိုကျောင်းအဖြစ် ပြန်ထားပြီး ကျန် တကျောင်းကတော့ အတန်းကြီးလာကြတဲ့အတွက် ခြောက် တန်းအထိ သင်ကြားပေးတဲ့ကျောင်းဖြစ်လာခဲ့ပါပြီ။

တကယ်တော့ အစပိုင်းမှာ ဒေါက်တာစင်သီယာမောင်ဟာ ပညာရေးဘက်မှာ စိတ်ဝင်စားမှုသိပ်မရှိခဲ့ပါဘူး။ ကိုယ်တိုင်က ကုသရေးကို အခြေခံသင်ယူလာခဲ့ရပြီး ကျန်းမာရေးစောင့် ရှောက်မှု၊ ကုသမှုကိုပဲ လုပ်လာခဲ့ရတဲ့အတွက် ကုသရေးဘက် မှာပဲ စိတ်ဝင်စား အားသန်ခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် လူထုရဲ့

www.burmeseclassic.com

ကျန်းမာရေး စောင့်ရှောက်မှုအတွက် လူထုကို ကျန်းမာရေး အသိပညာပေးဖို့ဟာ အရေးကြီးတယ်ဆိုတာကို သူမ နားလည် သဘောပေါက်လာခဲ့ပါတယ်။ နောက် သူမဆီကို ရောက်လာကြတဲ့ သင်တန်းသား သင်တန်းသူတွေကို ဆေးပညာသင်တန်း ပေးတဲ့အခါမှာ တက်ရောက်လာတဲ့ ကျောင်း၊ သင်ကြားလာခဲ့ရတဲ့ ပညာရေးအခြေခံ မတူကွဲပြားမှုတွေကြောင့် အခက်အခဲတွေ တွေ့လာခဲ့ရပါတယ်။ ရရှိလာတဲ့ပညာရေးအခြေခံမတူသလို အားထုတ်စွမ်းဆောင်နိုင်မှု၊ တဦးနဲ့တဦး ဆက်သွယ်ဆောင်ရွက် နိုင်မှုတွေမှာပါ မတူကွဲပြားမှုတွေ သူမ တွေ့လာရပါတယ်။ အဲဒီအချိန်မှာ ဒေါက်တာစင်သီယာမောင်ဟာ လူမှုအဖွဲ့အစည်းနဲ့ ပညာရေးဆက်စပ်မှုပေါ်မှာ စိတ်ဝင်စားလာခဲ့တာဖြစ်ပါတယ်။ အခုတော့ သူမက ကလေးတွေရဲ့ ပညာရေးအတွက် ရန်ပုံငွေ ရရှိရေး၊ သင်ကြားပေးတဲ့ဆရာတွေအတွက် နည်းပညာပံ့ပိုးမှု ရရှိရေး၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပညာရေးအဖွဲ့အစည်းများ အားကောင်းလာရေး စတာတွေကိုပါ ကြိုးစားဆောင်ရွက်ပေးနေခဲ့ပြီဖြစ်ပါတယ်။ မယ်တော်ဆေးခန်းဟာလည်း မြန်မာဒုက္ခသည်တွေ၊ ထိုင်းနိုင်ငံမှာလာရောက်ပြီး အလုပ်လုပ်ကိုင်နေကြတဲ့ ဗမာနဲ့ တိုင်းရင်းသားအလုပ်သမားတွေ၊ ကျောင်းသားကျောင်းသူအပါအဝင် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်နေသူတွေနဲ့ နယ်စပ် ဒေသမှာ နေထိုင်နေကြတဲ့ မရှိနွမ်းပါးကြသူ မြန်မာနိုင်ငံသားတွေအတွက် အားကိုးအားပြုရာ ဆေးခန်းတခု အဖြစ် ဆေးရုံတရုံထက် ကျယ်ပြန့်တဲ့ နားခိုစရာ၊ တထောက်နားရာ၊ ပညာရှာရာ နေရာတခုအဖြစ် အခိုင်အမာ ရပ်တည်နေဆဲဖြစ်ပါတယ်။

www.burmeseclassic.com

## သူမနှင့် နိုင်ငံရေး

ငယ်ငယ်ကတည်းက စပြီး အသက်အတော်အတန်ရလာတဲ့ ကျောင်းသူဘဝအထိ နိုင်ငံရေးနဲ့ပတ်သက်ပြီး ခေါင်းထဲမှာ တခါမှ မရှိခဲ့သူဖြစ်ပါတယ်။ တိုင်းပြည်မှာ နိုင်ငံရေးလှုပ်ရှားမှုတခုခု ဖြစ်လို့ အရေးအခင်းတခုခုဖြစ်လို့ ကျောင်းတွေပိတ်လိုက်ရင် ဝမ်းသာနေတတ်ပါတယ်။ ဒါပေမယ့် သူမရဲ့ အစ်မတွေရဲ့ သူငယ်ချင်းတချို့ ကျောင်းသားအရေးအခင်းတွေမှာ ပါဝင်လှုပ်ရှားမိလို့ ကျောင်းထုတ်ခံရတာမျိုး ကြားသိရတဲ့အချိန်မှာ စပြီး နိုင်ငံရေးဆိုတာ အန္တရာယ်ရှိပါလားဆိုတဲ့ အသိတရားမျိုး သူမ စတင်ခံစားမိခဲ့ပါတယ်။

လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး စတာတွေလည်း ရေရေရာရာ သူမ နားမလည်ခဲ့ပါဘူး။ တက္ကသိုလ်ကျောင်းသူဘဝမှာတော့ အဆင်မပြေမှု၊ ချို့ယွင်းအားနည်းမှုတွေကို တွေ့ရဖန်များတဲ့အတွက် စီးပွားရေး၊ နိုင်ငံရေးစနစ်ရဲ့ ချို့ယွင်းအားနည်းချက်အဖြစ်သိမြင်လာခဲ့ပြီး အပြောင်းအလဲတခုခုကို တခြားကျောင်းသား ကျောင်းသူတွေနည်းတူ တောင့်တလာတာမျိုးတော့ ရှိခဲ့ပါတယ်။ ဒီထက်တော့ မပိုခဲ့ပါဘူး။

အဲဒီအပြောင်းအလဲတခုခုကို တောင့်တလိုချင်လာတဲ့စိတ်ဆန္ဒနဲ့ပဲ သူမဟာ ၁၉၈၈ ခုနှစ် ရှစ်လေးလုံး ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးဖြစ်ပေါ်လာတဲ့အချိန်မှာ ကျောင်းသားတွေဦးဆောင်တဲ့ သပိတ်အဖွဲ့နဲ့ ပူးပေါင်းပါဝင်ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ကျောင်းသားတွေ တော်လှန်ရေးအင်အားစုတွေနဲ့ နေထိုင်ခဲ့တဲ့ အတွေ့အကြုံနဲ့ နှစ်ပေါင်းများစွာ မယ်တော်

www.burmeseclassic.com

ဆေးခန်းမှာ မြန်မာနိုင်ငံက အတိဒုက္ခရောက်လာကြတဲ့ ဒုက္ခသည်တွေ၊ ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်သူတွေ၊ ရွှေ့ပြောင်းအလုပ်သမားတွေကို ကုသစောင့်ရှောက်ပေးရင်း ရလာတဲ့အတွေ့အကြုံတွေအရ သူမမှာ ရှိလာတဲ့ နိုင်ငံရေးအသိတရားကတော့ စစ်တပ်ဟာ တိုင်းပြည်တခုရဲ့ အစိုးရဖြစ်လာတဲ့အချိန်မှာ တိုင်းပြည်ရဲ့ ယုံကြည်မှုပျက်ပြားအောင် လုပ်ဆောင်ကိုင်တွယ်တာမျိုးတွေ အများကြီးရှိလာတဲ့အတွက် ပြည်သူလူထုရဲ့ယုံကြည်အားထားမှုကို မရနိုင်ဘူး။ နောက် စစ်တပ်ဟာ တိုင်းပြည်ရဲ့အစိုးရ မဖြစ်သင့်ဘူးလို့ သူမ အခိုင်အမာ ယုံကြည်လာခဲ့ပါတယ်။

## သူမနှင့်အားကစား

ငယ်စဉ်ကတည်းက မြန်မာ့ရိုးရာကစားနည်းတွေဖြစ်တဲ့ ဇယ်ခုံ၊ ထုပ်ဆီးတိုး၊ စိန်ပြေးတမ်း စတာမျိုးတွေကိုပဲ ကစားခဲ့တာများခဲ့သူဖြစ်ပါတယ်။ ကျောင်းမှာတော့ ဘော်လီဘော၊ ဘတ်စကက်ဘော စတဲ့အားကစားနည်းတွေ ကစားလို့ရပေမယ့် အချိန်ပေး သွားကစားဖို့ မိသားစုဘဝအခြေအနေအရ မဖြစ်နိုင်ခဲ့တဲ့အတွက် ကျောင်းအားရက်တွေနဲ့ ကစားလို့ရနိုင်တဲ့အခြေအနေမှာ တခြားကလေးအများစုကစားကြတဲ့ ကြိုးခုန်၊ သားရေကွင်းပစ်၊ ဂေါ်လီရိုက်စတဲ့ ကစားနည်းတွေလောက်ပဲ ကစားဖြစ်ပါတယ်။ အားကစားနည်းတွေအနေနဲ့တော့ သူမကိုယ်တိုင်က သေသေချာချာ ကစားဖူးခဲ့တာမဟုတ်တော့ ဘာကိုဝါသနာပါတယ်လို့ပြောဖို့တောင် မလွယ်ခဲ့ပါဘူး။ ဒါပေမယ့် အားကစားပွဲတွေကို သွားကြည့်ခွင့်ရခဲ့တဲ့အချိန်မျိုးတွေမှာတော့ ဘတ်စကက်ဘောကို နှစ်သက်သဘောကျခဲ့ပါတယ်။

www.burmeseclassic.com

## သူမနှင့်စာပေ

သူမမှာ စာဖတ်ဝါသနာရှိခဲ့ပေမယ့် ငယ်ငယ်ကတော့ စာသိပ်ပြီး ဖတ်လှတယ်လို့တော့ ပြောလို့မရပါဘူး။ ဖတ်တဲ့အခါတော့ မဂ္ဂဇင်းစာအုပ်မျိုးစုံနဲ့ တခြားလုံးချင်းဝတ္ထု၊ ဘာသာပြန်တွေနဲ့ ဖခင်စုဆောင်းထားတဲ နိုင်ငံရေးအငွေ့အသက်ပါတဲ့ အတ္ထုပတ္တိတွေနဲ့ သမိုင်းစာအုပ်အချို့ကို အဖတ်များခဲ့ပါတယ်။ မြန်မာဝတ္ထုတွေထဲမှာတော့ ကွယ်လွန်သူ ဆရာမ မိုးမိုး (အင်းလျား) ရဲ့ဝတ္ထုတွေကို အထူးနှစ်သက်ဖတ်ရှုခဲ့ပါတယ်။ စာဖတ်ဝါသနာ သူမထက် ပြင်းထန်အားကောင်းတဲ့ မောင်အငယ်တယောက်ရဲ့ စာအုပ်စင်က နိုင်ငံရေးစိတ်ထက်သန်တဲ့စာအုပ်အချို့ ဖတ်ခဲ့ဖူးပေမယ့် အများအားဖြင့်တော့ နိုင်ငံရေးသက်သက်စာအုပ်တွေကို အဖတ်နည်းခဲ့ပါတယ်။

## သူမနှင့် တေးဂီတ

ငယ်ငယ်ကတည်းက တေးသီချင်းတွေကို နှစ်သက်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဘုရားရှိခိုးကျောင်းတက်တိုင်း သီချင်းဆိုလေ့ရှိပါတယ်။ သီချင်းတပုဒ်နှစ်ပုဒ်ကိုတော့ နှစ်သက်စွဲလမ်းမိလို့ဆိုပြီး စွဲစွဲမြဲမြဲဆိုမိတတ်တာမျိုးတော့ သူမမှာမရှိခဲ့ပါဘူး။ အဆိုတော်ထက် သီချင်းစာသားပေါ်မှာ နှစ်သက်တတ်ပြီး စာသားအားကောင်းတဲ့ သီချင်းတွေကို ရွေးပြီးနားထောင်လေ့ရှိပါတယ်။ အဆိုတော်ရော သီချင်းစာသားရော နှစ်သက်မိတဲ့အခါမျိုးတော့ သူမက နှစ်ခါ သုံးခါပြန်ပြီး နားထောင်တတ်ပါတယ်။ ဒါပေမယ့် အသံချည်းပဲ နားထောင်တာမျိုးထက် အရုပ်ရော အသံပါ ကြည့်ရှုနားထောင်ရတာမျိုးကို ပိုပြီးသဘောကျပါ

www.burmeseclassic.com

တယ်။ သူမ နှစ်သက်စွဲလမ်းမိတဲ့ တီးဝိုင်းနဲ့ အဆိုတော်ကတော့ အိုင်းရင်းခရော့ (Iron Cross) တေးဂီတအဖွဲ့နဲ့ လေးဖြူဖြစ်ပါတယ်။ အထူးသဖြင့် လေးဖြူနဲ့အဖွဲ့ အုပ်စုလိုက်ဆိုသွားတဲ့ သီချင်းတွေကို သူမက နှစ်သက်ခံစားတတ်ပါတယ်။

## သူမနှင့်ရုပ်ရှင်

ရုပ်ရှင် သိပ်ကြိုက်တဲ့သူလို့တော့ သူမကို ပြောလို့မရပါဘူး။ ငယ်စဉ်က ဖခင်ဖြစ်သူနဲ့ မောင်နှမတစု မြို့မှာပြနေတဲ့ကား ဘာကားပဲဖြစ်ဖြစ် လိုက်ပါကြည့်ရှုဖြစ်ခဲ့သလို ဆေးကျောင်းသူဘဝမှာ သူငယ်ချင်းတွေနဲ့ ကျောင်းပြေးပြီး ရုပ်ရှင်ကြည့်တာမျိုး လည်းလုပ်ခဲ့ပါတယ်။ စာမေးပွဲပြီးတဲ့အချိန်မျိုးတွေမှာလည်း သူငယ်ချင်းတွေနဲ့အတူ ဘာကားပဲပြနေပြနေ သွားကြည့်တတ်ခဲ့ပါတယ်။ သရုပ်ဆောင်မှုအရ သူမသဘောကျတဲ့မင်းသား မင်းသမီးအနေကတော့ မင်းသားကျော်ဟိန်းနဲ့ မင်းသမီး နဝရတ်တို့ ဖြစ်ပါတယ်။ နောက် သူမ နှစ်သက်ကြည့်ရှုခဲ့တဲ့ ရုပ်ရှင်ကား တွေကတော့ မင်းသမီး ခင်သန်းနု ပါဝင်သရုပ်ဆောင်တဲ့ကား တွေဖြစ်ပါတယ်။

အိမ်ထောင်ရက်သားကျပြီး အခု အသက်အရွယ်ရောက်လာ တဲ့အချိန်မှာတော့ သူမအနေနဲ့ သီးခြားရုပ်ရှင်သွားကြည့်တာ မျိုး မရှိတော့ဘဲ အိမ်က ကလေးတွေ ငှားလာတဲ့ ဗီဒီယို ရုပ်ရှင် ကားတွေကိုပဲ အားတဲ့အခါ ကြည့်ဖြစ်ပါတယ်။

## သူမနဲ့ ဘာသာရေး

သူမဟာ မိဘဖြစ်သူတွေလိုပဲ နှစ်ခြင်း ခရစ်ယာန်ဘာသာ ကို ယုံကြည်ကိုးကွယ်သူ တယောက်ဖြစ်ပါတယ်။ ငယ်စဉ်ဘဝ

www.burmeseclassic.com
မိဘတွေနဲ့ နေထိုင်ခဲ့စဉ်တုန်းက ဘုရားကျောင်းနီးတဲ့အတွက် ဘုရားရှိခိုးချိန်တွေမှာ ဘုရားကျောင်းကို အမြဲသွားရောက်ခဲ့သူ ဖြစ်ပါတယ်။ ခရစ်ယာန်ဘာသာဝင်တွေ ထုံးစံအတိုင်း တနင်္ဂနွေနေ့မှာ ဘာအလုပ်မှမလုပ်ဘဲ အနားယူတာမျိုး ဘာသာရေးထုံးတမ်းစဉ်လာအရ နေထိုင်လုပ်ကိုင်တာမျိုးတွေ လုပ်ခဲ့ပါတယ်။

အသက်အရွယ်ရလာချိန်မှာတော့ ဘာသာရေး ထုံးတမ်းစဉ်လာတွေပေါ်မှာ သိပ်စူးစိုက်တာမျိုးမရှိတော့ပါဘူး။ ဒါပေမယ့် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနဲ့ ချစ်ခြင်းမေတ္တာတွေပေါ်မှာတော့ အလေးအနက်ထားရှိဆဲဖြစ်ပါတယ်။ အထူးသဖြင့်တော့ သူမက ချစ်ခြင်းမေတ္တာပေါ်မှာတော့ အလေးအနက် သဘောထားပါတယ်။ ဘယ်လိုပဲ ယုံကြည်ခြင်းရှိရှိ၊ ဘယ်လိုပဲ မျှော်လင့်ခြင်းရှိရှိ ချစ်ခြင်းမေတ္တာမရှိရင်တော့ ဘယ်လိုအရာမျိုးမှာမဆို ပြီးမြောက်အောင်မြင်မှု မရနိုင်ဘူးလို့ ယုံကြည်ထားပါတယ်။

## သူမနှင့်အချစ်

ငယ်စဉ်အလယ်တန်း အထက်တန်းကျောင်းသူ ဘဝမှာရော ဆေးကျောင်းသူဘဝ တလျှောက်လုံးမှာပါ သူမမှာ ချစ်သူမရှိခဲ့ဖူးပါဘူး။ မိခင်ဖြစ်တဲ့သူကလည်း သမီးတွေအပေါ်မှာ အချစ်ရေးကြောင့် မှားသွားမှာ ကျောင်းပညာရေး မပြီးဆုံးသေးခင်မှာ အိမ်ထောင်ရက်သားကျသွားမှာမျိုးတွေ ဖြစ်မှာ သိပ်စိုးရိမ်စိတ်ကြီးခဲ့ပါတယ်။ မသင့်လျော်တဲ့သူမျိုးတွေနဲ့ အိမ်ထောင်ကျသွားမှာကိုလည်း မဖြစ်စေချင်တဲ့အတွက် သူမတို့ညီအစ်မတွေအပေါ်မှာ နည်းနည်း တင်းတင်းကျပ်ကျပ်ကလေး စောင့်ကြည့်တာမျိုးတွေ လုပ်ခဲ့တော့ သူမအနေနဲ့ ချစ်သူထားလိုစိတ် မရှိခဲ့ပါဘူး။ ဆေးကျောင်းသူဘဝရောက်တဲ့အချိန်မှာလည်း အချစ်

www.burmeseclassic.com

ရေးဘက်ကို မစဉ်းစားအားအောင်ကို ပညာရေးဘက်မှာ အလုပ်များနေခဲ့တော့ နောက်ဆုံးကျောင်းပြီးလို့ ဆရာဝန်ဖြစ်လာတဲ့အချိန်ထိ သူမမှာ ချစ်သူရယ်လို့ မရှိခဲ့ပါဘူး။

ဒါပေမယ့် လူသားတယောက်ဖြစ်တဲ့အတွက် သူမအနေနဲ့ အချစ်ကိုတော့ လုံးဝမရှောင်ရှားနိုင်ခဲ့ပါဘူး။ မယ်တော်ဆေးခန်းရယ်လို့ စတင်ဖွင့်လှစ်ခဲ့ပြီးတဲ့အချိန်နဲ့ မကြာခင်မှာဘဲ စစ်အစိုးရက နယ်စပ် ကေအန်ယူစခန်းတွေနဲ့ ကျောင်းသားစခန်းတွေကို ထိုးစစ်ဆင်တိုက်ခိုက်လာခဲ့ပါတယ်။ ဝမ်ခတိုက်ပွဲဖြစ်တဲ့အချိန်မှာတော့ ဝမ်ခစခန်းမှာရှိတဲ့ ABSDF တပ်ဖွဲ့ဝင်တွေထဲက အသက်နည်းနည်းငယ်သေးလို့ တိုက်ခိုက်ဖို့ မသင့်သေးတဲ့ ကျောင်းသားငယ်တွေနဲ့ တိုက်ခိုက်ရေးကို အားမသန်တဲ့သူတွေ



ကို သူမရှိရာ မယ်တော်ဆေးခန်းကို စေလွှတ်ပြီး ဆေးသင်တန်းတက်ဖို့ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေက စီစဉ်စေလွှတ်ပေးခဲ့ပါတယ်။ အဲဒီကျောင်းသားလူငယ်တွေထဲမှာတော့ မွန်တရုတ်ကပြား လူငယ်ကျောင်းသား မောင်ကျော်ဟိန်းတယောက် ပါလာခဲ့ပါတယ်။ အစပိုင်းမှာ အဲဒီကျောင်းသားငယ်လေးတွေဟာ

www.burmeseclassic.com

ဆေးခန်းမှာ ကူညီဆောင်ရွက်ပေးကြရပါတယ်။ တခါတရံ ဆေးသင်တန်းတက်ဖို့ရောက်လာတဲ့ ကျောင်းသားလူငယ်တွေနဲ့ သူမ ဆွေးနွေးပွဲလေးတွေ လုပ်ရပါတယ်။ အဲဒီအချိန်မှာပဲ မောင်ကျော်ဟိန်းနဲ့ တယောက်နဲ့ တယောက် သံယောဇဉ်ဖြစ်မိ ချစ်ခဲ့မိကြပါတယ်။ ၁၉၉၂ ခုနှစ်မှာ ခွဲစိတ်ခွဲခန်းမှူးသင်တန်း စတင်ပေးခဲ့ပါတယ်။ ကိုကျော်ဟိန်းလည်း ခွဲစိတ်ခွဲမှူးသင်တန်း တက်နေရင်းပဲ ပြည်တွင်းမှာ ကျန်းမာရေးလုပ်ငန်းလုပ်ဖို့ လို အပ်တဲ့ အဆက်အစပ်နဲ့ ဒေသဆိုင်ရာ ဆက်စပ်မှုလုပ်ငန်းတွေ လုပ်ဆောင်ရာမှာ ကူညီလုပ်ဆောင်ပေးခဲ့ပါတယ်။ နောက် သင် တန်းကိစ္စ၊ နယ်စပ်သွားလာ ဆက်သွယ်ရေးကိစ္စတွေနဲ့ စီမံခန့် ခွဲရေးကိစ္စတွေမှာ သူက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုနဲ့ အနီးကပ် နေထိုင်ကြရင်း တစထက်တစ သံယောဇဉ်ငြိ တွယ် ချစ်မိခဲ့ကြတဲ့အတွက် ၁၉၉၂ ခုနှစ်မှာ သူမတို့နှစ်ယောက် လက်ထပ်ခဲ့ကြပါတယ်။

## သူမနဲ့အိမ်ထောင်ရေး

ချစ်ခြင်းမေတ္တာကို တန်ဖိုးထားပြီး တလင်တမယားစနစ် အပေါ် ယုံကြည်သက်ဝင်ခဲ့တဲ့ သူမဟာ အခုအချိန်အထိ သူမရဲ့ ခင်ပွန်းသည် ကိုကျော်ဟိန်း၊ သားကြီး ငြိမ်းချမ်းမောင် (၁၁) နှစ်၊ သမီးငယ် မေသန့်ဇင်မောင် (၁၀) နှစ်တို့နဲ့အတူ မယ်တော်ဆေး ခန်းမှာပဲ ဥမကွဲသိုက်မပျက် နေထိုင်နေကြပါတယ်။ သူမဟာ သူမ ရဲ့ သားသမီးရင်းတွေအပြင် အခု လေးနှစ်အရွယ်ရောက်နေပြီ ဖြစ်တဲ့ မေစပယ်ကျော်နဲ့ ငါးလသားအရွယ်ရှိသေးတဲ့ ယောကျ်ား လေးတယောက် သူမတို့ရဲ့သားသမီးများအဖြစ် မွေးစားခဲ့ပါ တယ်။ တနေ့ကုန် ဆေးခန်းကိစ္စ၊ သင်တန်းကိစ္စ၊ ပညာရေးနဲ့

www.burmeseclassic.com
ကူညီစောင့်ရှောက်ရေးကိစ္စတွေနဲ့ မအားနိုင်ရှာတဲ့ သူမဟာ မိသားစုအတွက် အချိန်ပေးနိုင်မှုကတော့ နည်းပါးခဲ့ရပါတယ်။ ညဘက် အိပ်ယာမဝင်ခင် အချိန်လေးကိုပဲ မိသားစုအတွက် ပေးနိုင်ရှာပါတယ်။

## သူမနဲ့ နိုင်ငံရပ်ခြားခရီးစဉ်

ဒေါက်တာစင်သီယာမောင်ရဲ့ နာမည်ကို မယ်တော်ဆေးခန်းနဲ့အတူ ထိုင်း–မြန်မာနယ်စပ်ဒေသတွေတင်မကဘဲ နိုင်ငံတကာကပါ သိလာကြပါတယ်။ သူမရဲ့ စေတနာနဲ့ လုပ်ရပ်ကြောင့် သူမကို အသိအမှတ်ပြုလာခဲ့ကြသလို သူမရဲ့လုပ်ငန်းအောင်မြင်ဆောင်ရွက်လာနိုင်အောင် အားပေးကူညီထောက်ပံ့မှုတွေ လုပ်လာခဲ့ကြပါတယ်။ အဲဒီအတွက် တခါတရံ နယ်စပ်ဒေသ ဒုက္ခသည်အရေးနဲ့ ပတ်သက်တဲ့ ဆင်မီနာတွေ၊ တခါတလေ နည်းပညာပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေ တက်ရောက်ဖို့ သူမအနေနဲ့ နိုင်ငံရပ်ခြားတိုင်းပြည်အချို့ကို ခရီးထွက်ခဲ့ရသလို အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့တွေက ပေးအပ်ချီးမြှင့်လာတဲ့ ဆုတွေကို တက်ရောက်ယူဖို့လည်း တချို့နိုင်ငံတွေကို သွားခဲ့ရပါတယ်။ သူမ သွားရောက်ခဲ့တဲ့ နိုင်ငံခြားခရီးစဉ်တွေကတော့

– ၁၉၉၂ ဂျာမနီနိုင်ငံသို့ Euro-Burma ညီလာခံတက်ရောက်ရန် သွားရောက်ခဲ့သည်။

– ၁၉၉၉ ခုနှစ်တွင် Canada နိုင်ငံသို့ ဆုယူရန်

– ၂၀၀၁ ခုနှစ်တွင် American နိုင်ငံသို့ ကျန်းမာရေးညီလာခံတက်ရောက်ရန် ဂျပန်နိုင်ငံသို့ ဆုရရှိသည့်အတွက် ဂုဏ်ပြုအခမ်းအနားတက်ရောက်ရန်

– ၂၀၀၃ ခုနှစ်တွင် Canada နိုင်ငံသို့ မယ်တော်ဆေးခန်းကို

www.burmeseclassic.com
အကူအညီအထောက်အပံ့ပေးနေကြသော အသင်းအဖွဲ့များနှင့် တွေ့ဆုံရန်နှင့် အမေရိကန်နိုင်ငံသို့ ကျန်းမာရေးညီလာခံတက်ရောက်ရန် သွားရောက်ခဲ့ပါတယ်။

## သူမဘာဝ ဖြတ်သန်းမှုအရ ရရှိခဲ့သော သိမြင်နားလည်မှုနှင့် အတွေးအမြင်

သူမရဲ့စေတနာပြည့်ဝတဲ့ လုပ်ဆောင်မှုတွေကြောင့် ဒေါက်တာစင်သီယာမောင်ရယ်လို့ ဖြစ်မလာခင်အချိန်က နိုင်ငံရေး၊ လူ့အခွင့်အရေး စတာတွေနဲ့ လူ့အဖွဲ့အစည်းအကြောင်းကို အနည်းအကျဉ်းလောက်ကလွဲပြီး သူမ သိမြင်နားလည်မှု မရှိခဲ့ပေမယ့် ၈၈ ခုနှစ် စစ်တပ်က လူထုဒီမိုကရေစီ အရေးတော်ပုံကြီးကို နှိမ်နင်းပြီး တိုင်းပြည်အာဏာကို သိမ်းလိုက်တဲ့အချိန်မှာ ဒီမိုကရေစီရေးအတွက် နယ်စပ်ဒေသကို ထွက်ခွာခဲ့ကြတဲ့ ကျောင်းသားတွေနဲ့ သူမ လိုက်ပါလာခဲ့တဲ့အချိန်ကစပြီး နယ်စပ်ကေအန်ယူ စခန်းတချို့နဲ့ ကျောင်းသားစခန်းတချို့မှာ နေထိုင်ခဲ့ရတဲ့အတွက် နိုင်ငံရေး၊ လူ့အခွင့်အရေးနဲ့ လူ့အဖွဲ့အစည်းတွေအကြောင်း သူမ သိမြင်နားလည်ခွင့် ရလာခဲ့ပါတယ်။ သူမတတ်မြောက်ထားတဲ့ ဆေးပညာနဲ့ ကျောင်းသား ကျောင်းသူတွေ၊ နယ်စပ်ဒေသက ဆင်းရဲသားတွေ၊ ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်သူတွေနဲ့ ဒုက္ခသည်တွေကို အကူအညီပေးရင်းတွေ့ကြုံကြားသိခဲ့ရတဲ့ အရာတွေက သူမရဲ့တွေးမြင် ယုံကြည်မှုတွေကို မြင့်တက် ကြွယ်ဝလာစေခဲ့ပါတယ်။ စစ်အာဏာရှင်စနစ်ဟာ သူ့ရဲ့အာဏာတည်မြဲရေးအတွက် ပြည်သူလူထုကို နည်းလမ်းမျိုးစုံနဲ့ ဖိနှိပ်ဖို့ ကြိုးစားသလို၊ တိုင်းရင်းသား လူမျိုးစုတွေရဲ့ အခွင့်အရေးတွေကိုပါ ပိတ်ပင်တားဆီးခဲ့တယ်။ ဆိုးဝါး

www.burmeseclassic.com

ရက်စက်တဲ့ ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့တယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေ၊ လက်နက်ကိုင်အင်အားစုတွေကြားမှာ စည်းလုံးညီညွတ်မှုပြိုကွဲအောင် သူ့ရဲ့ထောက်လှမ်းရေးတွေကို သူလျှိုတွေအဖြစ် စေလွှတ်ထည့်သွင်းပြီး သွေးခွဲဖြိုဖျက်ဖို့ ကြိုးစားခဲ့တယ်လို့ သူမ သိမြင်နားလည်လာခဲ့ပါတယ်။ စစ်အာဏာရှင်စနစ်နဲ့ စစ်တပ်က တိုင်းပြည်ကို အုပ်ချုပ်နေသမျှ မြန်မာပြည်သူ ပြည်သားတွေကြားမှာ ယုံကြည်မှုတည်ဆောက်ဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့ အများကြီးအခက်အခဲရှိမယ်လို့ သူမက ယုံကြည်ပါတယ်။

ပြည်တွင်းမှာရှိတဲ့ အဖွဲ့အစည်းတွေနဲ့ နယ်စပ်ဒေသနဲ့ ပြည်ပမှာရှိတဲ့ အဖွဲ့အစည်းတွေအနေနဲ့ ဆိုင်ရာအဖွဲ့အစည်းရဲ့ တည်ဆောက်ရေးအလုပ်တွေပဲ အများဆုံး လုပ်ဆောင်နိုင်ခဲ့ကြပြီး လူထုကို တည်ဆောက်ဖို့ လုပ်ဆောင်နိုင်မှုမှာ အားနည်းခဲ့ကြတယ်လို့ သူမက မြင်ပါတယ်။ လူထုကို တည်ဆောက်တဲ့အလုပ်လုပ်နိုင်ဖို့ဆိုရင် မြန်မာတနိုင်ငံလုံးအတိုင်းအတာနဲ့ အရင်းအမြစ်အများကြီး မွေးထုတ်ပေးဖို့လိုအပ်လိမ့်မယ်။ တိုင်းရင်းသားလူမျိုးစုတွေ စုပေါင်းနေထိုင်ကြတဲ့ တိုင်းပြည်ဖြစ်တဲ့အတွက် သူ့သက်ဆိုင်ရာဒေသအရ သူ့ဘာသာစကား၊ သူ့ယဉ်ကျေးမှု စီးပွားရေးပိုင်ဆိုင်ခွင့် လုပ်ကိုင်ဆောင်ရွက်ခွင့်နဲ့ အုပ်ချုပ်ခွင့်တွေ ရှိဖို့လိုတယ်လို့ သူမက ယုံကြည်ပါတယ်။

တိုင်းပြည်နဲ့ လူထုကို တည်ဆောက်တဲ့နေရာမှာ အများရဲ့ဆန္ဒသဘောထား၊ အများရဲ့အသံ၊ တွေးမြင်ယုံကြည်မှုတွေကို အမှန်တကယ် ထဲထဲဝင်ဝင် သိမြင်သဘောပေါက်ဖို့ လိုအပ်သလို လေးစားလိုက်နာဖို့လည်း လိုအပ်တယ်လို့ သူမနားလည်လက်ခံထားပါတယ်။ ရှိနေ လှုပ်ရှားနေကြတဲ့ အဖွဲ့အစည်းတွေအနေနဲ့

www.burmeseclassic.com

လည်း ကိုယ့်အဖွဲ့အစည်း အရည်အသွေးမြှင့်တင်ဖို့ ကြိုးစားနေရုံနဲ့ မလုံလောက်ဘဲ လူ့အဖွဲ့အစည်းတခုလုံးရဲ့ အရည်အသွေးကို မြှင့်တင်ပေးဖို့ ကြိုးစားဖို့လိုမယ်လို့ သူမက ထင်ပါတယ်။

နယ်စပ်ဒေသမှာရှိတဲ့ အဖွဲ့အစည်းတွေ၊ ဒုက္ခသည်စခန်းက ပြည်သူလူထုတွေ၊ ရွှေ့ပြောင်းအလုပ်သမားတွေကြားမှာ အချင်းချင်းသိမြင်နားလည်နိုင်မှု နည်းပါးနေဆဲဖြစ်ပြီး အခြေအနေအရပ်ရပ်ကို ပူးပေါင်းညှိနှိုင်းဖြေရှင်းဖို့ အခက်အခဲအများကြီးရှိနေတယ်လို့ သူမနားလည်ထားပါတယ်။ အဲဒီလူတွေအချင်းချင်း ထိစပ်မှုရှိဖို့၊ သဘောထားအမြင်ချင်းဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်မှုရှိလာအောင် လုပ်ဆောင်ဖို့ လိုအပ်နေဆဲဖြစ်တယ်။ ကိုယ့်တိုင်းပြည်ကို အလုပ်အကျွေးပြုချင်တဲ့သူတွေ၊ ပြုစုပျိုးထောင်ချင်တဲ့သူတွေ အများကြီး ပြည်တွင်းပြည်ပမှာ ရှိနေပေမယ့် အဆက်အစပ်လုပ်နိုင်ဖို့ အများကြီးအားနည်းနေသေးတယ်လို့ သူမထင်မြင်ယူဆပါတယ်။

## သူမရဲ့ ထိုင်းလူ့အဖွဲ့အစည်းအပေါ်အမြင်

တချို့ကဥပဒေအကြောင်းနားလည်၊ လူ့အခွင့်အရေးကိုလေးစားလိုက်နာကြပြီး တချို့ကတော့ စီးပွားရေးပေါ်မှာသာ အာရုံစူးစိုက်ကြတယ်လို့ သူမက ထင်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ယေဘုယျသဘောအရ နိုင်ငံရေးအမြင်အားနည်းပြီး စီးပွားရေးအမြင်လွှမ်းမိုးနေတယ်လို့ သူမက ယူဆပါတယ်။ သူမနေထိုင်တဲ့ မဲဆောက်မြို့ မယ်တော်ဆေးခန်း ပတ်ဝန်းကျင်က ထိုင်းပြည်သူတွေအနေနဲ့တော့ သူတို့နဲ့ ရပ်ရေးရွာရေး ပူးပေါင်းဆောင်ရွက်မှုတွေ ရှိတဲ့အတွက် ရင်းနှီးခင်မင်မှုရှိကြပြီး ပံ့ပိုးကူညီမှုရှိကြတယ်လို့ သူမက မြင်ပါတယ်။

www.burmeseclassic.com

## သူမရဲ့ အနာဂတ်ရည်မှန်းချက်

သူမရဲ့ မယ်တော်ဆေးခန်းမှာ ဒုက္ခသည်ဆင်းရဲရောက်နေကြတဲ့ ပြည်သူတွေကို အလုပ်အကျွေးပြုဖို့ လာရောက်ကူညီနေတဲ့ လူငယ်လူရွယ်တွေ၊ တချို့ ပညာရေးရည်ရွယ်ချက်နဲ့ ရောက်လာကြတဲ့သူတွေ၊ တချို့ဘဝတိုးတက်အောင်မြင်ရေး ရည်ရွယ်ချက်နဲ့ ရောက်လာ ခိုနားနေကြတဲ့ လူငယ်တွေအတွက် သူမ တတ်နိုင်သလောက် ကူညီအားပေးစောင့်ရှောက်သွားဖို့ သူမက ရည်ရွယ်ထားပါတယ်။ အဲဒီလူငယ်တွေကို အရည်အချင်းပြည့်ဝတဲ့သူတွေဖြစ်လာအောင် မွေးထုတ်ဖို့ သူမကိုယ်တိုင် ဆက်ပြီးလေ့လာသင်ယူချင်တဲ့ ပညာရပ်တွေရှိပါတယ်။ အဲဒီအတွက် ပေးလာတဲ့အခြေအနေပေါ်မှာ မူတည်ပြီး သူမကိုယ်တိုင်လည်း ဆက်လက်လေ့လာသင်ယူသွားဖို့ ရည်ရွယ်ထားပါတယ်။

တချိန်မှာ မြန်မာပြည် စစ်အာဏာရှင်စနစ်အောက်က လွတ်မြောက်ပြီး ဒီမိုကရေစီနိုင်ငံတခု ဖြစ်လာမယ်ဆိုရင်တော့ သူမက ကိုယ့်တိုင်းပြည် ကိုယ့်ပြည်နယ်ကို ပြန်ပြီး ကိုယ့်အမျိုးသားတွေအတွက် သူမပေးနိုင်သမျှ ကျန်းမာရေးစောင့်ရှောက်မှုတွေနဲ့ တခြားပညာရေး၊ လူမှုရေးအကူအညီတွေ ပေးသွားမယ်လို့ မျှော်လင့်ရည်ရွယ်ထားပါတယ်။ သူမဟာ တကယ်တော့ ရယူလိုသူမဟုတ်ဘဲ ပေးဆပ်လိုသူတယောက်အဖြစ် ဘဝကို ဖြတ်သန်းနေထိုင်သွားမယ့်သူသာဖြစ်ပါတယ်။

www.burmeseclassic.com

AWARDS RECEIVED BY
DR. CYNTHIA MAUNG

***June, 1999*** - Jonathan Mann Award for Global Health and Human Rights Award (Sponsored by Association Francois-Xavier Bagnoud, Doctors of the World, Global Health Council, Human Rights Watch)

***December, 1999*** - The John Humphrey Freedom Award (The International Center, Canada)
- Shared with Min Ko Naing, a Burmese Student Leader.

***1999*** - The American Women' Medical Association President's Award

***May, 2001*** - Van Heuven Goedhart Award (Stichting Vluchteling, the Netherlands Refugee Foundation)

***December, 2001*** - Asian Human Right Award (The Foundation of Human Rights in Asia, Japan)

***August, 2002 - The Ramon Magsaysay Award for Community Leadership (Philippines)***

***2003*** - Time Magazine's Asian Hero Award

***2005*** - Priceless Life with love Award, Chou Ta-Kuan Cultural and Educational Foundation, Taiwan.

***2005*** - Unsung Hero of Compassion Award, USA.

www.burmeseclassic.com

## ရာမွန် မက်ဆေးဆေးဆု

### အများပြည်သူတို့အားအလုပ်အကျွေးပြုသည့် ကြီးကျယ်မြင့်မြတ်သောစိတ်ထားကို အသိအမှတ်ပြု ဂုဏ်ပြုခြင်း

ရာမွန်မက်ဆေးဆေး (၁၉၀၇ – ၁၉၅၇) သည် ဒုတိယကမ္ဘာစစ်ပြီးနောက် ဖိလစ်ပိုင်နိုင်ငံ၏ တတိယမြောက် သမ္မတဖြစ်သည်။ မက်ဆေးဆေး၏ဘဝဖြတ်သန်းမှုသည် ဖိလစ်ပိုင်ပြည်သူများကိုသာမက နိုင်ငံတကာပြည်သူများကိုပါ သြဇာသက်ရောက်ခဲ့သည်။ မက်ဆေးဆေးသည် သူ့ခေတ်ကာလအပိုင်းအခြားတွင် ကမ္ဘာ့အတော်ဆုံးသော နိုင်ငံ့ခေါင်းဆောင်များထဲမှ တဦးဟု သတ်မှတ်ခြင်းခံရသူတဦးလည်း ဖြစ်သည်။ သူသည် ရိုးသားသော၊ နှိမ့်ချတတ်သောစိတ်ထားမျိုးရှိ၍ လူသားတဦးချင်းစီအား တပြေးညီတန်ဖိုးထားအသိအမှတ်ပြုသူတဦးဖြစ်ကာ၊ လူသားတိုင်း၏ ဂုဏ်သိက္ခာနှင့် တဦးချင်းစီ၏ အရေးပါမှုကို အလေးထားသူတဦးလည်းဖြစ်သည်။ သူယုံကြည်ရာကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဖွဲ့သတ္တိနှင့်ပြည့်စုံသူလည်းဖြစ်သည်။ ထို့အတွက်ကြောင့်ပင် မက်ဆေးဆေးသည် လူအများ၏ ကြည်ညိုချစ်ခင်လေးစားမှုကို ရယူနိုင်ခဲ့သူဖြစ်သည်။ မက်ဆေးဆေးသည် ဖိလစ်ပိုင်ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ချက်ထား လုပ်ဆောင်ခဲ့ရာတွင် ကိုယ်ကျိုးစွန့်အနစ်နာခံ၍ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သူလည်းဖြစ်သည်။ မက်ဆေးဆေးအနေဖြင့် အစိုးရတရပ်သည် ဖြောင့်မတ်တည်ကြည်သည့်အစိုးရတရပ်ဖြစ်ရမည့်အပြင် ရိုးသားမှုရှိရန်နှင့် လူအများ၏ဆန္ဒကို အလေးထားဖော်ဆောင်ရန်လိုအပ်သည်ဟု စူးစူးနစ်နစ်ယုံကြည်ခဲ့သည်။

www.burmeseclassic.com

မက်ဆေးဆေးသည် မြင့်မြတ်သောစိတ်ထားရှိသူ ဖြစ်သည့်အလျောက် လူသားတိုင်း၏ လွတ်လပ်ပျော်ရွှင်စွာ အသက်ရှင်နေထိုင်နိုင်ခွင့်ကို အလေးထားသူလည်းဖြစ်သည်။ သူသည် လူ့အဖွဲ့အစည်းအတွင်း တရားမျှတမှုကင်းမဲ့ခြင်းများ၊ ကိုယ်ကျင့်တရားဖောက်လွဲဖောက်ပြန်မှုများအား မနှစ်မြို့သူလည်း ဖြစ်ပေသည်။ သူသည် ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ နေထိုင်နိုင်၍ လူ့ဂုဏ်သိက္ခာနှင့်အညီ ရှင်သန်ရပ်တည်နိုင်မည့် တစုတလုံးတည်းသောကမ္ဘာ ဖြစ်တည်စေချင်သောဆန္ဒဖြင့် ကြိုးပမ်းအားထုတ်ခဲ့သူလည်းဖြစ်သည်။

မက်ဆေးဆေးကဲ့သို့သော မြင့်မြတ်သည့်ပုဂ္ဂိုလ်မျိုး ရှိခြင်းကြောင့် ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာကြီးသည် ပိုမိုပြည့်စုံသောနှစ်လိုဖွယ်ရာ လူသားကမ္ဘာဖြစ်ခဲ့ရပေသည်။ မက်ဆေးဆေး၏ ယုံကြည်ချက်နှင့် မြင့်မြတ်သည့်စိတ်ဓာတ်သည် လူသားတိုင်းအတွက် အားကျအတုယူဖွယ်ရာပင် ဖြစ်တော့သည်။ မက်ဆေးဆေးသည် ခေါင်းဆောင်ကောင်းတဦးတွင် ရှိသင့်ရှိထိုက်သည့် အားမာန်ရှိမှု၊ မိမိကိုယ်ကိုစိတ်ချယုံကြည်ခိုင်မြဲမှု စသည်တို့အပါအဝင် ခေါင်းဆောင်ကောင်းတဦး၏ ဝိသေသလက္ခဏာများအားလုံးကို ကိုယ်စားပြုနိုင်သူဖြစ်၍ လူအများ၏ ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်လိုသူတိုင်းအတွက် စံနမူနာပြပုဂ္ဂိုလ်တဦးလည်း ဖြစ်နေခဲ့ပေသည်။

ဤဆုသည် မက်ဆေးဆေး၏ ထူးခြားမွန်မြတ်လှသည့် ဘဝဖြတ်သန်းမှုနှင့် ဖိလစ်ပိုင်ပြည်သူလူထုအား ပေးဆပ်ခဲ့သည့် ရဲရင့်သောစွမ်းဆောင်မှုများကို ဂုဏ်ပြုသည့်အနေဖြင့် ပေါ်ပေါက်လာရခြင်းဖြစ်ပြီး၊ အာရှတိုက်တွင်ရှိသည့် ပုဂ္ဂိုလ်တဦးတယောက် (သို့မဟုတ်) အဖွဲ့အစည်းတခုခုအား ချီးမြှင့်ပေးအပ်

www.burmeseclassic.com

ရခြင်းမှာလည်း မက်ဆေးဆေးကဲ့သို့ မြင့်မြတ်စွာ ပြုလုပ်ဆောင်ရွက်နိုင်မှုများအား ဂုဏ်ပြုသည့်အနေဖြင့် ဤဆုကို ပေးအပ်ချီးမြှင့်ရခြင်းပင်ဖြစ်ပေသည်။

လေယာဉ်ပျံပျက်ကျ၍ သမ္မတ မက်ဆေးဆေးကွယ်လွန်ပြီး တနှစ်အကြာ ၁၉၅၈ ခုနှစ်တွင် ပထမဆုံးသော မက်ဆေးဆေးဆုများအား အောက်ပါပုဂ္ဂိုလ်များသို့ စတင်ပေးအပ်ချီးမြှင့်ခဲ့ပေသည်။ ယင်းတို့မှာ–အစိုးရလုပ်ငန်းတာဝန်များ ထမ်းရွက်ခဲ့မှုအတွက် ထိုင်ဝမ်နိုင်ငံမှ ချင်မွန်လင်း (Chciang Mon-Lin) ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ခဲ့မှုအတွက် ကနေဒါတွင်မွေးဖွားခဲ့ပြီး သီရိလင်္ကာနိုင်ငံသူဖြစ်သည့် မေရီအိပ်ချ်ရဒ်နန် (Mary H. Rutnam)၊ လူမှုအသိုင်းအဝိုင်းတွင်ဦးဆောင်မှုပြုနိုင်ခဲ့မှုအတွက် အိန္ဒိယလူမျိုး ဗီွနိုဗားဘာဟာဘီ (Vinoba Bhave) ၊ သတင်းစာနယ်ဇင်းနှင့် စာပေရေးရာဆိုင်ရာလှုပ်ရှားမှုအတွက် စကော့တလန်တွင် မွေးဖွားခဲ့သည့် ဖိလစ်ပိုင်လူမျိုး ရောဘတ်မက်ကာလာဒစ်ခ် (Robert McCulloch Dick) နှင့် အင်ဒိုနီးရှားနိုင်ငံသား မော့ခ်တာလူးဗစ် (Mochtar Lubis) တို့ဖြစ်ပေသည်။ ထို့အတူ ဖိလစ်ပိုင်နိုင်ငံတွင်အခြေစိုက်သည့် "ညီနောင်သွေးရင်းလှုပ်ရှားမှု" (Operation Brotherhood) ဟူသည့်အဖွဲ့ကိုလည်း အပြည်ပြည်ဆိုင်ရာ ချစ်ကြည်နားလည်မှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုအတွက် မက်ဆေးဆေးဆုကို ပေးအပ်ချီးမြှင့်ခဲ့သည်။

၁၉၅၈ ခုနှစ်မှ ယနေ့အချိန်အထိ အာရှဒေသအတွင်းရှိ နိုင်ငံပေါင်း (၂၀) ကျော်မှ အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ် စုစုပေါင်း (၂၀၀) ကျော်တို့အား မက်ဆေးဆေးဆုများပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ပေသည်။

www.burmeseclassic.com

Dr. Cynthia Maung's Humanitarian Awards and Ceremonies



Jonathan Mann Award
for Global Health and Human Rights
1999



www.burmeseclassic.com

Celebrating *Sayamah*' s
Jonathan Mann Award at Mae Tao Clinic



John Humphrey Freedom Award
1999



www.burmeseclassic.com

American Medical Women's Association
President's Recognition Award
1999





Van Heuven Goedhart Penning Award
2001



www.burmeseclassic.com

Asian Human Rights Award
2001



Magsaysay Award
2002



www.burmeseclassic.com

Dr. Cynthia accepting the Magsaysay Award in Bangkok



The Magsaysay Award Ceremony in Mae Tao Clinic



www.burmeseclassic.com

2005 Magsaysay Awardees' conference



Time Magazine's Asian Hero Award 2003



www.burmeseclassic.com

Dr. Cynthia accepting the Priceless Life with Love Award in Taiwan from the Chou Ta-kuan Cultural and Educational and Foundation





Priceless Life with Love Award
2005





www.burmeseclassic.com



www.burmeseclassic.com

Dr. Cynthia at the 1000 Peace Women for the Nobel Peace Prize 2005 Project ceremony



www.burmeseclassic.com

# ဒေါက်တာစင်သီယာမောင် မယ်တော်ဆေးခန်းနဲ့ သူတို့ရင်ထဲကစကားများ

မျက်စိမမြင်တာ (၁၅) နှစ်ရှိပြီ ခွဲဖို့ပိုက်ဆံလည်း မရှိဘူး၊ မဲဆောက်မှာ အလုပ်သွားလုပ်တဲ့သမီး ပြန်လာခေါ်လို့ အခု မျက်စိပြန်မြင်သွားပြီ၊ မယ်တော်ဆေးခန်းကိုရော သမီးကိုရော ကျေးဇူးတင်တယ်။

***ဦးဘလှိုင်၊ မော်လမြိုင်။***

မဲဆောက်မှာ ဆိုက်ကားနင်းရင်းနဲ့ အူကျတာကြာပြီ မဲဆောက်ဆေးရုံကြီးမှာခွဲရင် အနည်းဆုံး ဘတ်သုံးထောင်လောက်ကုန်မယ်။ ငွေမရှိဘူး မယ်တော်ဆေးခန်းမှာ အလကားခွဲပေးတယ်။ အခု တော့ ကောင်းသွားပြီ။ ဒီဆေးခန်း ရေရှည်တည်တံ့ပါစေလို့ ဆန္ဒပြုပါတယ်။

***ကိုထွေး၊ ဆိုက်ကားဆရာ၊ မဲဆောက်။***

ကျမတို့က အခြေအနေအရ ပြည့်တန်ဆာအလုပ် လုပ်ရတယ်။ ကျမသူငယ်ချင်းတယောက် အေအိုင်ဒီအက်စ်ဖြစ်တော့ အလုပ်ရှင်က ခွေးလိုနွားလို မောင်းထုတ်လိုက်တယ်။ နေစရာမရှိတော့ သူ့ကို မယ်တော်ဆေးခန်းကပဲ လက်ခံထားတယ်။ နောက်ဆုံးမြေကျတဲ့အထိ ဆေးခန်းကပဲ တာဝန်ယူပေးတယ်။ ဒီဆေးခန်းဟာ ကျမတို့ရဲ့ အားထားစရာ ခိုလှုံစရာနေရာတခုဖြစ်ပါတယ်။

***မစာအု၊ မဲဆောက်၊ ပြည့်တန်ဆာရုံ။***

www.burmeseclassic.com

ရန်ကုန်မှာ မျက်စိခွဲဖို့ နှစ်သိန်းတောင်းတယ်၊ ဒီပိုက်ဆံ ဘယ်က လာမလဲ။ မယ်တော်ဆေးခန်းရဲ့ကောင်းမှုကြောင့် အခု မျက်စိ ပြန်မြင်လာပြီ။

***ကိုကာဆင်၊ ဗလီဆရာ၊ လှိုင်းဘွဲမြို့***

ငှက်ဖျားဖြစ်တာ မြဝတီကဆရာတွေလက်လျှော့လိုက်ပြီး ဆွေမျိုးတွေက မယ်တော်ဆေးခန်းမှာ လာပစ်သွားတယ်၊ ကျနော်မသေပါဘူး။ မယ်တော်ဆေးခန်းကြောင့် ကျနော် ကျန်းမာရေးကောင်းပြီး အလုပ်လုပ်နေပါပြီ။

***ကိုအောင်ဝင်း၊ သင်္ကန်းညီနောင်။***

အဒေါ်မျက်စိခွဲမယ်လုပ်တော့ ဗမာဆရာဝန်နဲ့ မခွဲနဲ့၊ ဒုက္ခရောက် မယ်ဆိုပြီး ပြောကြတယ်။ အဒေါ်ပြောတယ် မျက်စိခွဲတာ အင်္ဂလိပ်ဆရာဝန်ပဲ သားသမီးတွေတားတဲ့ကြားက မျက်စိခွဲ လိုက်တာ အခုပြန်မြင်ပြီ။ ဒီဆေးခန်းကြီး တိုးတက်ကြီးပွား ပါစေ။

***ပကျန်ပီ၊ ထိုင်းအမျိုးသမီး၊ မဲဆောက်မြို့။***

ကျနော် အူကျတော့ ဆေးရုံကြီးမှာ တက်ခွဲနိုင်တဲ့အနေအထား မရှိဘူး၊ အသိထိုင်းစစ်သားတဦးက ဒီဆေးခန်းမှာ လာပို့ပေး တယ်၊ အခုကျနော် ကျန်းမာသွားပါပြီ။

***နိုင်ချိုင်း၊ ထိုင်းလူမျိုး၊ မဲ့ထော့သလေး။***

ကျမယောက်ျား နောက်မိန်းမယူပြီး ဘန်ကောက်တက်သွား တယ်၊ ကျမကို ဗိုက်တလုံးနဲ့ ချန်ထားခဲ့တယ်၊ အားကိုးရာမဲ့

www.burmeseclassic.com

တော့ မယ်တော်ဆေးခန်းမှာနေပြီး အမြွာပူးသားနှစ်ယောက် မွေးတယ်။ ကလေးမွေးတဲ့ကိစ္စ မယ်တော်ဆေးခန်းက အစစ အရာရာတာဝန်ယူပေးတယ်။ ကျမမိဘတွေရှိတဲ့ ပျော်ဘွယ်ကို ပြန်တော့ ဒီဆေးခန်းကပဲ လမ်းစရိတ်ထုတ်ပေးတယ်။ ဆေးခန်း ရဲ့ ကျေးဇူးတွေမမေ့ပါဘူး။

***မသီတာဆွေ၊ ပျော်ဘွယ်မြို့***

မျက်စိခွဲဖို့ အခက်အခဲရှိတော့ အဆက်သွယ်ကောင်းတာနဲ့ ဒီဆေးခန်းကိုရောက်ခဲ့တယ်။ အခုမျက်စိပြန်ကောင်းသွားပြီ။ ဒီဆေးခန်း တိုးတက်ကြီးပွားဖို့ ဘုန်းကြီးအမြဲမေတ္တာပို့ပါတယ်။

***အရှင်ခေမာစာရ၊ ပဲခူးမြို့***

ကျနော် တိုင်းပြည်အတွက် ခြေတဖက်ပေးလှူခဲ့ပေမယ့် ကျနော့် ကို ပြန်မကြည့်ကြဘူး၊ ခြေတုတောင်တပ်မပေးကြဘူး၊ မဲဆောက်မှာ ဖြစ်သလိုပဲ တောင်းရမ်းစားသောက်ပြီးနေခဲ့ရတယ်။ မယ်တော်ဆေးခန်း ခြေတုဌာနက ခြေတုတပ်ပေးလို့ အခုကျနော် သွားလာလှုပ်ရှားနိုင်ပါပြီ။ ကျနော့်လို ဘဝတူ စစ်သားဟောင်းတွေကိုလည်း ဒီဆေးခန်းကိုလာဖို့ ဖိတ်ခေါ်ပါတယ်။

***ကိုအောင်စိန်၊ စစ်မှုထမ်းဟောင်းတဦး၊ ခေတ္တမဲဆောက်မြို့။***

ကျမတို့မိသားစု နေထိုင်မကောင်းဖြစ်ရင် မယ်တော်ဆေးခန်း ကိုပဲ အားကိုးရတယ်။ ဆေးခန်းလက်မှတ်လုပ်ရင် လူတယောက်ကို ဘတ်သုံးဆယ်ပေးရတယ်။ ထိုင်းနိုင်ငံက အလုပ်လုပ်ခွင့်လက်မှတ် မရှိလည်းမယ်တော်ဆေးခန်းမှာ ဆေးကုခွင့်ရတယ်။ ဘယ်သူပဲဖြစ်

www.burmeseclassic.com

ဖြစ် လူတိုင်းကို ဆေးကုသပေးပါတယ်။ ဒီဆေးခန်းမရှိရင် ဗမာပြည်သားတွေ အတော်ဒုက္ခ ရောက်ကြမယ်။

***မဟာစနာဘီ၊ ငါးစိမ်းသည်၊ မဲဆောက်မြို့***

ဗမာပြည်မှာ တီဘီဖြစ်တာ (၅) နှစ်ကျော်ပြီ မပျောက်ဘူး။ ဒီမယ်တော်ဆေးခန်းမှာ စနစ်တကျကုသလိုက်တော့ လုံးဝ ပျောက်ကင်းသွားပြီ။ လာမယ့်နှစ်မှာ ဇာတ်ပြန်ကတော့မယ်။

***နာမည်ရ၊ မြန်မာဇာတ်မင်းသားတဦး။***

ကျနော်တို့ စက်ရုံက အလုပ်သမတယောက် ကားတိုက်ခံရတော့ အရေးပေါ်သွေးကို မယ်တော်ဆေးခန်းကပဲရတယ်။ ဒါကြောင့် ကျနော်တို့စက်ရုံကလူတွေ ပုံမှန်သွေးလာလှူကြတယ်။ မြဝတီဆေးရုံမှာ သွေးတပုလင်းသွင်းရင် ကျပ်ငွေ နှစ်သောင်းပေးရတယ်၊ ဒီမှာက အခမဲ့ပဲ။ ဒါကြောင့် မြန်မာတွေအားလုံး ဒီဆေးခန်းကို တတ်နိုင်တဲ့ဘက်ကနေ ကူညီကြဖို့တိုက်တွန်းပါတယ်။

***ကိုမောင်တူး၊ အထည်ချုပ်စက်ရုံ၊ မဲဆောက်မြို့။***

သမီးရဲ့ရည်းစားကို စိတ်နာပြီး အဆိပ်သောက်တော့ စက်ရုံမှာရှိတဲ့ဆွေမျိုးတွေက သေမှာပဲဆိုပြီး လက်လျှော့လိုက်ကြတယ်၊ စက်ရုံမန်နေဂျာက မယ်တော်ဆေးခန်းကို ပို့ပေးတယ်။ မယ်တော်ဆေးခန်းကနေတဆင့် မဲဆောက်ဆေးရုံကြီးကို ထပ်ပို့ပေးတယ်၊ သမီးအသက်ဘေးက လွတ်ခဲ့တယ်။ ဒီကျေးဇူးကို သမီးမမေ့ပါဘူး။

***မပန်းအိ၊ သိုးမွေးစက်ရုံ၊ မယ်ပ။***

www.burmeseclassic.com

ကျမမဲဆောက်မှာ အိမ်ဖော်လုပ်တယ်၊ အသားဝါဖြစ်တော့ သူဌေးက အိမ်ပြန်ခိုင်းတယ်၊ အသိတယောက်ရဲ့အဆက်အ သွယ်နဲ့ မယ်တော်ဆေးခန်းမှာပဲ ကုသခဲ့တယ်။ အခုကျမ ကျန်း မာသွားပါပြီ။

***နန်းဖော့အွာ၊ ကျုံဒိုး။***

ဘန်ကောက်မှာ အိမ်ဖော်လုပ်ရင်း နှစ်ထပ်အိမ်ပေါ်က ပြုတ်ကျ တော့ ခြေတွေလက်တွေ ကျိုးကုန်တယ်။ သူဌေးက ကျမကို ထိုင်းဆေးခန်းတခုမှာ ကြပ်စည်းပေးပြီး တောမောဆီပို့လိုက် တယ်။ ဘန်ကောက်တောမောကနေ မဲဆောက်တောမောကို ပို့လိုက်တယ်။ မဲဆောက်တောမောကနေတဆင့် ကျမကို မယ်တော်ဆေးခန်းကို ပို့လိုက်တယ်။ မယ်တော်ဆေးခန်းရဲ့ အကူအညီနဲ့ ကျမပြန်ကောင်းသွားပါပြီ။ အချိန်တနှစ်လောက် တော့ယူရတယ်။

***နော်ထူးထူး၊ ရောဝတီတိုင်း။***

ကျနော်တို့ စိုက်ပျိုးရေးလုပ်သားတွေဟာ ငှက်ဖျားနဲ့ အမြဲတမ်း မိတ်ဆွေဖွဲ့ရတယ်။ ကျနော်တို့ရဲ့ အားကိုးရာကတော့ မယ်တော် ဆေးခန်းပဲ။ အခမဲ့ကုသပေးတော့ အခြားလည်းသွားဖို့မလိုတော့ ဘူး။ နေရေးထိုင်ရေး၊ စားရေးသောက်ရေးအပြင် ဆေးရုံက ဆင်းတော့ လမ်းစရိတ်ပါထုတ်ပေးတယ်။ ကျနော်တို့လို ဗမာ ဒုက္ခသည်တွေအတွက် ဒါထက်ကောင်းတဲ့နေရာ ရှိအုံးမလား။

***ကိုသန်းဝင်းအောင်၊ စိုက်ပျိုးရေးလုပ်သား၊ ဖိုဖတ်မြို့။***

www.burmeseclassic.com

ကျမသား အူအတက်ပေါက်တော့ မဲဆောက်ဆေးရုံမှာ ခွဲစိတ်ကုသခနဲ့ ဆေးဖိုး ဘတ် (၆၀၀၀) ကျော်ကုန်တယ်၊ ဘယ်ပိုက်ဆံရှိမလဲ။ မယ်တော်ဆေးခန်းရဲ့ ကူညီမှုနဲ့ တပြားမှမကုန်ပဲ ဆေးရုံကဆင်း ခွင့်ရခဲ့တယ်။

***ဒေါ်မြအေး၊ မယ်ပအထည်ချုပ်စက်ရုံ။***

အရင်က အရက်သမားလုံးလုံးကြီးကိုဖြစ်ခဲ့တယ်။ မယ်တော်ဆေးခန်းက အရက်ဖြတ်ဖို့ စီစဉ်ပေးတယ်။ အခုတော့ အရက်ပြတ်ပြီး မိသားစုဘဝပုံမှန်ပြန်ဖြစ်သွားပြီး အရင်လို အလုပ်အကိုင်လည်း လစ်ဟင်းမှုမရှိတော့ဘူး၊ လူတွေရဲ့ယုံကြည်မှုပိုရလာတယ်။ ဘဝတူတွေ အရက်ဖြတ်ချင်ရင်တော့ မယ်တော်ဆေးခန်းကို ဆက်သွယ်ပါ။

***ကိုကြီးစိုး၊ နာရီပြင်ဆရာ၊ ဘားအံမြို့။***

မယ်တော်ဆေးခန်းကို ကိုယ်တိုင်ရောဆွေမျိုးသားချင်းတွေအတွက်ရော တက်ရောက်ကုသမှုခံယူတာ အကြိမ်မရေတွက်နိုင်တော့ဘူး။ ဆေးရုံမှာ လူနာတွေကအများကြီးဆိုတော့ 'မ'တရာသားတွေပီပီ ပြဿနာတွေလည်း အမျိုးမျိုးတွေ့ရတယ်။ အဲ့ဒီအပေါ်မှာ ဆရာဆရာမတွေ ဆူတာငေါက်တာတော့ရှိတယ်။ အကြောင်းမဲ့တော့မဟုတ်ပါဘူး၊ မြန်မာပြည်က ဆေးရုံတွေကတော့ ကြံဖန်ဆူဆဲပြီးတော့ကို ပါ၀ါပြကြတယ်။ မေတ္တာအရင်းခံခြင်းမတူပါဘူး။

***ဒေါ်စိန်၊ လှည်းကူးမြို့။***

www.burmeseclassic.com

ကျမတို့ အဘိုးနဲ့ အဖွားမျက်စိလာခဲ့တော့ မယ်တော်ဆေးခန်း မှာတည်းတာ တလလောက်ကြာတယ်။ ကျမတို့ ညီအစ်မသုံး ယောက်က လူနာစောင့်ပေါ့။ လူနာနဲ့လူနာစောင့်တွေရဲ့ နေထိုင် စားသောက်ရေးအတွက် မယ်တော်ဆေးခန်းက အားလုံးတာဝန် ယူပေးတယ်။ မျက်စိခွဲတာလည်း အခမဲ့ပဲ။ ဒီကဝန်ထမ်းတွေ အားလုံး သဘောထား ကောင်းမွန်ကြပါတယ်။ အိုကြီးအိုမတွေ ဆိုရင် ပိုပြီးတော့တောင်မှ တလေးတစားနဲ့ ဆက်ဆံကြပါ တယ်။ ပြည်တွင်းမှာ ကျမတို့တွေ့ဖူးတဲ့ ဆေးဝန်ထမ်းတွေနဲ့ အရမ်းကွာခြားပါတယ်။

***သန်း–မြင့်–သင်း ညီအစ်မသုံးဦး၊ ကညွတ်ကွင်း။***

www.burmeseclassic.com

www.burmeseclassic.com

# မယ်တော်ဆေးခန်း
# တစေ့တစောင်းရုပ်ပုံလွှာ

www.burmeseclassic.com



မယ်တော်ဆေးခန်းသို့အဝင်လမ်း



www.burmeseclassic.com



မျက်စိဌာန



သွေးစစ်ဆေးရာဌာန (ဓာတ်ခွဲခန်း)

www.burmeseclassic.com



ကလေးပြင်ပလူနာဌာန




သားဖွားမီးယပ် ပြင်ပလူနာဌာန

www.burmeseclassic.com




လူနာမှတ်ပုံတင်ဌာန



အတွင်းလူနာဆောင်

www.burmeseclassic.com



အတွင်းလူနာဆောင်




အရေးပေါ်လူနာဌာန (ခွဲစိတ်/ဆေးထည့်)

www.burmeseclassic.com



ပြင်ပလူနာဌာန



လူနာစားဖိုဆောင် (လူနာနှင့်လူနာစောင့်များ စားသောက်နေစဉ်)

www.burmeseclassic.com



လူနာစားဖိုဆောင် (ထမင်း၊ ဟင်း ဝေငှနေစဉ်)



www.burmeseclassic.com



ထမင်းစားတော့မည့် လူနာတဦး



ထမင်းစားတော့မည့် ကလေးငယ်တဦး

www.burmeseclassic.com




ကျန်းမာရေးညီလာခံကျင်းပနေစဉ်



www.burmeseclassic.com



(၁၆) နှစ်မြောက် ရှစ်လေးလုံးအရေးတော်ပုံနေ့အထိမ်းအမှတ်
ဆွမ်းကျွေးတရားတော်နာယူပွဲ



www.burmeseclassic.com